အပွမာဒေါ စ ခမ္မေသု တော် မင်္ဂလမုတ္တမံ၊ တရား၌ မမေ့မလျော့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၁၉ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၇၁)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော် အပ်ပါသည်။

ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှ ကျရာကဏ္ဍက ထမ်းဆောင်

ရဲဘော်တို့ဟာ နိုင်ငံတော်၊ နိုင်ငံသားနဲ့ တပ်မတော်အတွက် သစ္စာလေးချက်ကို ခိုင်ကျည်စွာ စောင့်သိရိုသေကြသူတွေ ဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်ကို တစ်ဖက်ကကာကွယ်စောင့်ရှောက်သလို ဘယ်ခေတ် ဘယ်အခါပဲရောက်ရောက် တစ်ဖက်ကလဲ နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းဆောင်ကြရမယ်။ နိုင်ငံတော်ကို ထိပါးစေမယ့် အန္တရာယ်မှန်သမျှ ဘယ်သူ့တိုက်တွန်းမှုကိုမှ စောင့်စရာမလိုဘဲ ကာကွယ်သွားရမယ်။ အလားတူပဲ ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှကိုလဲ ကျရာကဏ္ဍကနေ အရိုးကြေကြေအရေခန်းခန်း ထမ်းဆောင်ကြဖို့ မှာကြားလိုတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၇)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု ဂီတနန္ဒဝန်ဂီတပွဲတော်ကျင်းပ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးတက်ရောက်ချီးမြှင့်

ယနေ့ထုတ် စောင်ရေ ၁၉၉၉၀၃

ရန်ကုန် မတ် ၁၈

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကျင်းပသည့် ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကျင်းပသည့် ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ တက်ရောက်အားပေးချီးမြှင့်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ အာဘော်
(၂၀၀၄ ခုနှစ်၊ မတ်လ ၁၉ ရက်)

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ခေတ်မီနည်းပညာများအသုံးချ အောင်မြင်စွာ ကျင်းပနိုင်ရေး စနစ်တကျစီမံဆောင်ရွက်

၂၀၀၄ခုနှစ် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံပြီး နိုင်ငံတကာအဆင့်မီ အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်း၍ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိကြသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ကျင်းပမည့်နေ့ရက် နီးကပ်လာပြီ ဖြစ်သည့်အလျောက် ထိပ်သီးညီလာခံကျင်းပရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှုများကို တွေ့မြင်နေရပြီဖြစ်သည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ်လ ၁၃ရက် နေ့နံနက်ပိုင်းက ရန်ကုန်မြို့မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်-

"နိုင်ငံတကာထိပ်သီးညီလာခံ ဖြစ်သည့်အတွက် ခေတ်မီနည်းပညာများအသုံးချနိုင်ရေး၊ နိုင်ငံတကာမှလာရောက်ကြသည့် ဧည့်သည်တော်များ သက်သောင့်သက်သာရှိရေးတို့အတွက် စီမံဆောင်ရွက်ထားကြရမှာဖြစ်သကဲ့သို့ ထေရဝါဒဗုဒ္ဓဘာသာ ထိပ်သီးညီလာခံဖြစ်သည်နှင့်အညီ ဘာသာရေးပွဲတော် ဘာသာရေးအခမ်းအနားပီသရေး၊ ထေရဝါဒဗုဒ္ဓဘာသာ အနှစ်သာရပီပြင်ရေးတို့အတွက် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်သွားကြရန်"

မှာကြားသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးအတွက် လက်တွေ့ဆောင်ရွက်ရမည့် အသေးစိတ်လုပ်ငန်းများ၊ အစီအစဉ်များ၊ အစီအမံများကို ကြိုတင်စီမံတွက်ချက် ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ပေသည်။

နိုင်ငံတကာအဆင့် ထိပ်သီးညီလာခံကြီးများ၏ အစဉ်အလာများနှင့်အညီ အောင်မြင်စနစ်ကျစွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတကာအစည်းအဝေးများနှင့် ပတ်သက်၍ အတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်သည့် ဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍမှပညာရှင်များ လုပ်ငန်းရှင်များ ညှိနှိုင်းပေါင်းစပ်ပြီး ဆွေးနွေး အကြံဉာဏ်များဖလှယ်ကြရန်၊ အသေးစိတ်အစီအမံများချမှတ်ထားရန်၊ လိုအပ်ချက်များဖြည့်ဆည်းနိုင်မည့် နည်းလမ်းများရှာကြံထားရန်၊ ဝန်ထမ်းများ၊ ပညာရှင်များ စုဖွဲ့မှုများအပါအဝင် စီမံအုပ်ချုပ်ရေးကိစ္စများ ကြိုတင်စီစဉ်ထားကြရမည် ဖြစ်သည်။

ယခုအခါ အခမ်းအနားပြင်ဆင်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ကြိုဆိုပို့ဆောင်ရေး၊ အစည်းအဝေးများကျင်းပရေး၊ ပြန်ကြားရေးနှင့်သတင်းမှတ်တမ်းထုတ်ပြန်ရေး၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေး ဆပ်ကော်မတီများအလိုက် လုပ်ငန်းအစီအမံများကို ညှိနှိုင်းပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅နိုင်ငံမှ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ စုံညီစွာတက်ရောက်ကြမည်ဖြစ်ရာ ညီလာခံကြီးစနစ်တကျ အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေခြင်းဖြစ်သည်။

သို့ဖြစ်ရာ ၂၀၀၄ခုနှစ် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို-

- **ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သော နိုင်ငံအချင်းချင်းချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ထွန်းကားစေရန်၊**
- **ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုနှင့် လိုက်နာကျင့်သုံးမှုတို့ကို ဗုဒ္ဓဘာသာအချင်းချင်း ထိန်းသိမ်းစောင့်ရှောက်ရန်၊**
- **ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပရိယတ္တိကို အခြေခံသော ဗုဒ္ဓဘာသာပညာရေး ထွန်းကားပြန့်ပွားစေရန်၊**
- **ကမ္ဘာ့လူသားထုတစ်ရပ်လုံးအတွက် ငြိမ်းချမ်းသာယာသောကမ္ဘာကြီး ဖြစ်ထွန်းအကျိုးပြုစေရေးအတွက် ဗုဒ္ဓဘာသာရှုထောင့်က ဝိုင်းဝန်းကူညီဆောင်ရွက်ရန်နှင့်**
- **ဗုဒ္ဓ၏တရားဓမ္မများ မူရင်းမပျက် နိုင်ငံတကာသို့ ပြန့်ပွားထွန်းကားစေရန်**

ဟူသောရည်ရွယ်ချက်များနှင့်အညီအောင်မြင်စွာကျင်းပနိုင်ရေးအတွက်တာဝန်ရှိသူ အသီးသီးက ခေတ်မီနည်းပညာများအသုံးချပြီး စနစ်တကျစီမံဆောင်ရွက်သွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေတောင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူကြိုကျောင်းဆောင်သစ်ဖွင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ တက်ရောက်အားပေး

ရန်ကုန် မတ် ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို မတ် ၁၄ ရက် နံနက် ၉ နာရီက သရက်တောရပ်ကွက် စုပေါင်းအိမ်ရာဝင်း မူကြိုကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ နာယက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ နာယက ဒေါ်နိုင်နိုင်မော်နှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွှေတောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေတောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်းဆောင်သစ်ကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ပဲခူးတိုင်း အသင်း ကြီးကြပ်မှုကော်မတီနာယက ဒေါ်စဝ်နွန်းခွန်ဆမ်၊ ပဲခူးတိုင်း(အနောက်ပိုင်း) အသင်းကြီးကြပ်မှုကော်မတီ နာယက ဒေါ်နိုင်နိုင်မော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အမှာစကားပြောကြားပြီး ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြည်က မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်မှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းတင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်ထံသို့ လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မတ် ၁၅ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ မတ် ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် COE Networking Meeting သို့ တက်ရောက်ရန် ရန်ကုန်မြို့မှ လေကြောင်း ခရီးဖြင့် ထွက်ခွာရာ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူတို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် အမက(၁၀) မိဘဆရာအသင်းအတွက် အလှူငွေပေးအပ်ပွဲတွင် ဗိုလ်ချို(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေဝင်းက အလှူငွေကျပ် တစ်သောင်းငါးထောင်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မြိုင်သို့ ပေးအပ်စဉ်။ (က-ပ)

ဇေယျာဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် မတ် ၁၈

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ ဇေယျာဝတီမြို့ ဓမ္မာရုံကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ၊ B.A)သည် တနင်္သာရီတိုင်း ထားဝယ်မြို့တွင် ဧပြီ ၄ ရက်မှ ၈ ရက်ညများတွင် ညစဉ် တရားတော်များ ဟောကြားပြီး ဓမ္မစကြာကျောင်းတိုက်တွင် ဧပြီ ၈ ရက်မှ ၁၇ ရက်ထိ သင်္ကြန်အထူးတရားစခန်းပွဲတွင် ကျေးဇူးရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့်သစ္စာလေးပါးတရားတော်များကိုဟောကြားမည်ဖြစ်ရာ စခန်းဝင်လိုသောယောဂီများ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၉-၃-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။	ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၂၀	၅။	ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၄:၃၀	၆။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၄၀	၇။	မျိုးချစ်တပ်မတော်
၄:၅၀	၈။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Total Debtors Account and Total Creditors (စီးပွားရေးပညာ)
၅:၃၀	၁၀။	ပညာခေတ်
၅:၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	မြန်မာ့ရှုခင်း
၆:၄၀	၁၆။	လျှပ်တစ်ပြက်
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာစူး၊ မယ့်ရွှေနဖူးစာ"**(အပိုင်း-၁၅)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်
	၂၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"**(အပိုင်း-၂၃)

သကြၤန်တွင်း စုပေါင်းဒုလ္လဘ ရဟန်းခံရှင်ပြုပွဲ

ရန်ကုန် မတ် ၁၈

ပဲခူးမြို့ ဓမ္မရိပ်သာကျောင်းတိုက်၏ (၂၉)ကြိမ်မြောက် သင်္ကြန်တွင်း စုပေါင်းဒုလ္လဘရဟန်းခံရှင်ပြုပွဲကို ဧပြီ ၁၁ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ တပည့်ဒါယကာ ဒါယိကာမများသည် ပဲခူးမြို့ နာရီစင် ဆရာတော် ဘဒ္ဒန္တသုဇာတမဟာထေရ်ထံတွင် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

● ရှေ့ဖုံးမှ

အဆိုပါ ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်နှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂီတပညာရှင်များ၊ ဂီတဝါသနာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကျင်းပသည့် ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးကို မြန်မာအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်၏ ပံ့ပိုးမှုဖြင့် ဗိုလ်ကလေးတင့်အောင်နှင့် ဂီတလုလင်မောင်ကိုကိုတို့က ဦးစီးကျင်းပခြင်းဖြစ်သည်။

လက်စွမ်းပြသ

အဆိုပါ ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးတွင် နိုင်ငံကျော် စန္ဒရားပညာရှင်များ၊ စန္ဒရားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ မျိုးဆက်သစ် စန္ဒရားပညာရှင်များက စန္ဒရားအနုပညာကျွမ်းကျင်မှုကို လက်စွမ်းပြသကြသည်။

ခံစားနိုင်

ဤဂီတပွဲတော်ကြီးတွင် ခေတ်ပေါ်တူရိယာများ၊ ရှေးဟောင်းမွန်–မြန်မာတူရိယာ တီးခတ်မှုများနှင့်အတူ နိုင်ငံကျော် အဆိုပညာရှင်များ၊ မျိုးဆက်သစ်တေးသံရှင်များက တေးသံသာများကို တီးခတ်ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။ ထို့ပြင် ဟာသပညာရှင်များ၏ ဟဒယနှလုံးရွှင်ပြုံးစေမည့် ဟာသများကိုလည်း ခံစားနိုင်ကြမည်ဖြစ်သည်။

ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးကို မတ် ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဟုသိရှိရသည်။

(သတင်းစဉ်)

အေးမြချမ်းသာဆရာတော် သင်္ကြန်မဟာစည် အထူးတရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၈

ဓမ္မကထိက ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယဘဒ္ဒန္တသီရိဓမ္မ (ဘီအေ–ပါဠိဂုဏ်ထူး)နှင့် ပြည့်စုံအေးဆရာတော်ဘဒ္ဒန္တသုဇာတ (ဓမ္မာစရိယ)၊ ကိုးဘွဲ့ရ အရှင်အာစာရ လင်္ကာရတို့သည် အေးမြချမ်းသာ မဟာစည်ရိပ်သာနှင့် ကျိုက္ကစံဓမ္မဗိမာန် အထူးတရားစခန်းတွင် ဟောကြားပြသမည်ဖြစ်၍ အလှူရှင်များ၊ ဒုလ္လဘ ရဟန်း၊ သီလရှင်၊ ယောဂီများ ကြိုတင်စာရင်းသွင်းနိုင်ရန် ဖုန်း–၅၈၁၀၄၂၊ ၅၆၅၄၅၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

စီးပွားကူးသန်းဂျာနယ် အတွဲ(၄)၊အမှတ်(၆)ဖြန့်ချိ

ရန်ကုန် မတ် ၁၈

ဆရာမောင်စူးစမ်း၊ဆရာအောင်သင်း၊ ဆရာပါရဂူ၊ ဒေါက်တာခင်မောင်ညို၊ ဦးဟန်ထွန်းတို့၏ ဆောင်းပါးများနှင့်အတူ သုတ၊ရသဆောင်းပါးများဖြင့် ဝေဝေဆာဆာဖော်ပြထားသည့် စီးပွားကူးသန်းဂျာနယ် အတွဲ (၄)၊ အမှတ် (၆) ကို အမှတ် ၃၈ လမ်း ၃၀ ပန်းဘဲတန်းမြို့နယ် ရန်ကုန် စီးပွားကူးသန်း ဂျာနယ်တိုက်က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(က–ပ)**

မြန်မာကုန်စည်ပြပွဲ ၂၀၀၄ကုန်သွယ်မှုဗဟိုဌာနတွင်ကျင်းပမည်

ရန်ကုန် မတ် ၁၈

နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမွန်စွာ စနစ်တကျ ထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများ၊ ပြည်ပသွင်းကုန်အစားထိုးကုန်ပစ္စည်းများ၊ ကုန်ပစ္စည်းအမယ်သစ် (အမည်သစ်)များ အများပြည်သူအတွင်း ကျယ်ပြန့်စွာ တိုက်ရိုက် ထိတွေ့လေ့လာနိုင်စေရန်နှင့် ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်ကာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့နှစ်သစ်ကူးအကြို မြန်မာကုန်စည်ပြပွဲ ၂၀၀၄ကို ဧပြီ ၂ ရက်မှ ၅ရက်အထိ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာန၌ Quartz International Co.,Ltd. က ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ပြည်တွင်းပြည်ပမှ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်း၊ ပလတ်စတစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်နှင့်အီလက်ထရွန်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ စက္ကူစာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်း၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်း၊တိုင်းရင်းဆေးနှင့်ဆေးဝါးပစ္စည်းအမျိုးမျိုးတို့ကို ပြခန်းအလှဆုံး ပြင်ဆင်မှုရွေးချယ်ခြင်းနှင့် Star Entertainment Co., Ltd.၏ ကုန်ပစ္စည်းအရောင်းမြှင့်တင်ရေးကြော်ငြာသရုပ်ပြပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ရာ ဖုန်း–၅၇၃၁၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

"ဝါသနာအရ စာပေချစ်မြတ်နိုး၍ အိမ်မှာ စုဆောင်းထားတဲ့ ရှားပါး စာအုပ်တွေသာ ရောင်းတာပါ"

ဦးမင်းညွန့်
'အမေ'ဂန္ထဝင်ရှားပါးစာအုပ်ရောင်းဝယ်ရေး။

❀ ကျောဖုံးမှ

နိုင်ငံနှင့်လူမျိုးအတွက် အသက်၊ သွေး၊ ချွေးတို့ဖြင့် စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ခဲ့သည့် တပ်မတော်သားတို့၏ ဂုဏ်ဒြပ်ကို ချီးကျူးရပေမည်၊ ဂုဏ်ပြုရပေမည်၊ မေ့၍ မဖြစ်ပေ။ သို့ပါ၍ ၂၀၀၄ခုနှစ် မတ်၂၇ရက်နေ့တွင် ကျရောက်သည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်မှ ကြီးမှူး၍ ကျင်းပသည့် စာအုပ်ဈေးပွဲတော်ကို

– **နိုင်ငံတော်၏ နေ့ထူးနေ့မြတ်ဖြစ်သော (၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုခြင်း၊**
– **စာပေ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကို ဆောင်ရွက်ခြင်း။**

စသည့် ရည်ရွယ်ချက်များဖြင့် (ယနေ့) မတ်၁၉ရက်မှ မတ်၂၈ ရက်အထိ ၁၀ရက်တိုင်တိုင် အမှတ် ၃၇၉/၃၈၃ ဗိုလ်အောင်ကျော်လမ်း (အထက်) (ယခင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးချုပ်)တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

စာပေသည် လူမျိုး တစ်မျိုး၏ အသွေးအသားတစ်မျှ ဖြစ်ပေသည်။ စာပေမြင့်မှ လူမျိုးတင့်ပေမည်။

ရသမျိုးစုံခံစားနိုင်

စာအုပ်ဈေးပွဲတော်တွင် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ စိတ်ဓာတ်မြှင့်တင်ရေး၊ သူရသတ္တိ ပြည့်စုံရေး၊ ဇာတိသွေး ဇာတိမာန် တက်ကြွစေရေး လှုံ့ဆော်ပေးသည့် စာအုပ်များ၊ ဘာသာရေးစာအုပ်များ၊ သမိုင်းဝင်စာအုပ်များ၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ဘာသာပြန်၊ ဂီတ၊ အနုပညာ၊ ပန်းချီ ပန်းပုဆိုင်ရာ အတတ်ပညာစာအုပ်များ၊ သုတစာပေနှင့်ရှေးဟောင်းစာရေးဆရာကြီးများမှ ယနေ့ခေတ်ပေါ်စာရေးဆရာများအထိ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ လင်္ကာများ၊ ကျည်းကန်သာမဏေကျော်၏ အမေးနှင့် ကျီးသဲဆရာတော်ကြီး၏ အဖြေ၊ "စွယ်စုံကျော်ထင်ကျမ်း"ကဲ့သို့ အဖိုးတန်ရှားပါးစာအုပ်များ၊ ရသမျိုးစုံ ခံစားနိုင်သည့် စာအုပ်ဆိုင်ပေါင်း ၅၈ ဆိုင်ဖြင့် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ စာအုပ်ဈေးပွဲတော်တစ်နေရာတည်း၌ပင် လေ့လာဝယ်ယူရရှိနိုင်ပေသည်။

ယနေ့ခေတ်သည် ပညာခေတ်ပင်ဖြစ်သည်။ ပညာခေတ်တွင် စာအုပ်စာပေသည် အသွင်အမျိုးမျိုး ဖြစ်ထွန်းတိုးတက် လျက်ရှိသကဲ့သို့ ယနေ့လူသားတို့သည် အသိဉာဏ်ရည်အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

တိုးတက်လာ

ရှေးယခင် ကညစ်၊ ကံ့ကူဆံ၊ ပေ၊ ပုရပိုက်ခေတ်မှ ခဲစာလုံးစာစီ၊ ယနေ့ ကွန်ပျူတာခေတ် အထိပင် တိုးတက်ပြောင်းလဲခဲ့သည်။

သို့သော် စာအုပ်၏ အခန်းကဏ္ဍသည် တိမ်ကောမသွားပေ။ စာအုပ်အဟောင်းအသစ်များ ပို၍ထွက်လာသည်။ ရောင်းချသော ဆိုင်များတိုးလာသည်။ ယခင် နှစ်က စာအုပ်ထုတ်ဝေသူ၊ စာ အုပ် ဆိုင်ရှင်များကို စည်းရုံးယူရ သည်။ ယခုနှစ် ဈေးပွဲတော်တွင် စာအုပ်ဆိုင်ရှင်များကပင် ကမ်းလှမ်းအားပေးလာသည်။ စာအုပ်ထုတ် ဝေ မှု ၌ အစိုးရ ပိုင်းနှင့် ပုဂ္ဂလိကပိုင်းတွင် စာအုပ်ထုတ်ဝေမှုတွင် ကျယ်လာသည့် အသွင်သဏ္ဍာန်ကို စာအုပ်ဈေးပွဲတော်များက ပေါ်လွင်စေသည်။

ပေါင်းကူးပေး

စာအုပ်ဈေးပွဲတော်သည် စာအုပ်ရောင်းသည့်ဈေးသက်သက်မဟုတ်၊ ပြည်သူနှင့်စာပေကို ပေါင်းကူးပေးသည့် စာအုပ်ပြပွဲကြီးဆိုက မမှားပေ။

အချုပ်အားဖြင့် ဆိုရသော်"စာအုပ်စာပေ လူ့မိတ်ဆွေ"၊"အလိမ္မာစာမှာရှိ"ဆိုသည့်အတိုင်း စာပေမြတ်နိုးသူ ရဟန်းရှင်လူ ပြည်သူအပေါင်းသည် မိမိတို့အလိုရှိသော စာအုပ်မျိုးစုံကို ဈေးပွဲတော် တစ်ပတ်ပတ်လိုက်ရုံမျှဖြင့် ဝယ်ယူ ရရှိနိုင်ပါကြောင်း သတင်းကောင်း ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

"စာအုပ်ဈေးပွဲတော်မှာ ဈေးရောင်းရတာ ပျော်လည်းပျော်ပါတယ်၊ အကျိုးလည်း ရှိပါတယ်"

ဒေါ်လဲ့လဲ့ဝင်း
ဟင်းလေးအိုးကြီး
စာပေ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ခမောက်ကြီးရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းရှင်းလင်းဆောင်၌ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

ထို့နောက်ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ကော့သောင်းမြို့နယ် ၁၈မိုင်ရှိ ရွှေဆီအုန်း ကုမ္ပဏီလီမိတက်၏ တစ်နာရီ ဆီသီးခိုင် ငါးတန်ကျဆီအုန်းစက်ရုံသစ်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်အားပေးကြသည်။

ဆီအုန်းစက်ရုံသစ်ဖွင့်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ရွှေဆီအုန်းကုမ္ပဏီလီမိတက်အုပ်ချုပ်မှုဒါရိုက်တာဒေါက်တာကိုကိုထွေးတို့က ဆီအုန်းစက်ရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးပြီး ဆီအုန်းစက်ရုံသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဆီအုန်းစက်ရုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊တင်ခရာ၊ ပန်းဖွားနှင့်အကအဖွဲ့များ၊ကျောင်းသားကျောင်းသူများအားနှုတ်ဆက်ကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ရွှေဆီအုန်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာဒေါက်တာကိုကိုထွေးက ကော့သောင်းမြို့နယ် ၁၈မိုင်ရှိ ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆီအုန်းခြံမှ ဆီသီးခိုင်များထွက်ရှိမှု၊ တစ်နာရီ ဆီသီးခိုင် ငါးတန်ကျ ဆီအုန်း ဆီကြမ်းစက်ရုံတည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆီကြမ်းစက်ရုံလည်ပတ်မှုတင်ပြ

ထို့နောက် ကော့သောင်းမြို့နယ်တွင် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် တက်နေကုမ္ပဏီမှမန်နေဂျင်းဒါရိုက်တာဒေါ်သန်းသန်းအေးက ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်း၊ ဆီကြမ်းစက်ရုံ လည်ပတ်မှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကိုမှာကြား အားပေးပြီး ရွှေဆီအုန်းကုမ္ပဏီလီမိတက်၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆီအုန်းစိုက်ပျိုးမှုကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ကော့သောင်းမြို့နယ် ခမောက်ကြီးဒေသသို့ သွားရောက်ကြပြီး ကော့သောင်း–ခမောက်ကြီး ကားလမ်းတစ်လျှောက် ပတ်ဝန်းကျင်တွင် ဆီအုန်းစိုက်ပျိုးထားမှု အခြေအနေများကို ကြည့်ရှုကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် ခမောက်ကြီးရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိကြပြီး အစို့ပေါက်ဆီအုန်းမျိုးစေ့များ၊ ပျိုးပင်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ၊ဆီသီးခိုင်များကို ကြည့်ရှုကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်က တနင်္သာရီတိုင်းတွင် ၁၉၉၉ခုနှစ်မှစ၍ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းကြီး၌ ပါဝင်ဆောင်ရွက်ခဲ့မှု၊ ယနေ့အထိ စိုက်ပျိုးပြီးစီးသည့် ဆီအုန်းစိုက်ဧကများ၊ ဆီကြမ်းစက်ရုံ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုများ၊ ရင်းနှီးမြှုပ်နှံထားမှုများကို ရှင်းလင်းတင်ပြသည်။

ရေရှည်ကျေးဇူးရှိ

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းသည် စိုက်ပျိုးဆောင်ရွက်သူများအတွက်ရော နိုင်ငံတော်အတွက်ပါ ရေရှည်အကျိုးကျေးဇူးရှိသည့် စီမံကိန်းဖြစ်ကြောင်း။

လက်ရှိ စိုက်ပျိုးလျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ဆီအုန်းခြံများဖြစ်ထွန်းနေမှုအခြေအနေနှင့် အလားအလာများကို အခြားစီးပွားရေးလုပ်ငန်းရှင်များလည်း မျက်မြင်လေ့လာသိရှိပြီး တွက်ချက်ချိန်ဆ၍ ဆီအုန်းစိုက်ပျိုးမှုလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်စေရန် ယခုကဲ့သို့ လုပ်ငန်းရှင်များဖြင့် တနင်္သာရီတိုင်းသို့ စုစုစည်းစည်း လာရောက်ခဲ့ခြင်း ဖြစ်ကြောင်းဖြင့်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းတွင် ဆီအုန်းစိုက်ပျိုးလျက်ရှိသည့် လုပ်ငန်းရှင်များက ဆီအုန်းစိုက်ပျိုးခြင်းလုပ်ငန်း အတွေ့အကြုံများ၊ ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းနှင့်ဆက်စပ်လျက်ရှိသည့် နယ်မြေများ၌ ရေအားလျှပ်စစ်ထုတ်ယူရရှိနိုင်မည့် ရေအရင်းအမြစ်အခြေအနေများကို လေ့လာတိုင်းတာပြီး ဒေသဖွံ့ဖြိုးရေးအပါအဝင် ဆီအုန်းစိုက်ပျိုး ထုတ်လုပ်မှုလုပ်ငန်းကို အထောက်အကူပြုနိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းများ ထူထောင်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ကော့သောင်းမြို့နယ်ရှိ ရွှေဆီအုန်း ကုမ္ပဏီလီမိတက်၏ တစ်နာရီ ဆီသီးခိုင်ငါးတန်ကျ ဆီအုန်းစက်ရုံသစ်ဖွင့်ပွဲတွင် ဆီအုန်း စက်ရုံသစ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက်ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ခမောက်ကြီးဒေသရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ခင်းကြီးကိုမော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ဘုတ်ပြင်းမြို့နယ် မိုင် ၆၀ စခန်းရှိ ပိုကောင်းကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ခင်းသို့ ရောက်ရှိကြသည်။

ဧက ၅၀၀၀ကျော်စိုက်ပျိုးပြီးစီး

ထို့နောက်ယာယီရှင်းလင်းဆောင်၌ ပိုကောင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအေးမောင်က ဘုတ်ပြင်းမြို့နယ်တွင် ဆီအုန်းဧက ၇၀၀၀ စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်ချက်နှင့် ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးမှု အခြေအနေများ၊ ဆီကြမ်း စက်ရုံ တည်ဆောက်ရန် လျာထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ် အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပိုကောင်းကုမ္ပဏီ၏ ဆီအုန်း စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆီကြမ်းထုတ်လုပ်မှုကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့နယ် မဟာစခန်းရှိ တောင်ဒဂုံ ဆီအုန်းကုမ္ပဏီသို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြပြီး ရှေးဦးစွာ စတင်စမ်းသပ် လည်ပတ်လျက်ရှိသည့် ကုမ္ပဏီ၏ တစ်နာရီ ခုနစ်တန်ခွဲကျ ဆီကြမ်းစက်ရုံ၏ ဆီကြမ်းထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ တောင်ဒဂုံ ဆီအုန်းကုမ္ပဏီမန်နေဂျင်းဒါရိုက်တာဦးအောင်ထွေးက ဘုတ်ပြင်းမြို့နယ်၌ ဆီအုန်းဧက ၄၅၀၀ ကျော် စိုက်ပျိုးပြီးစီးမှု၊ ဆီကြမ်းစက်ရုံတည်ဆောက်ပြီးစီးမှုနှင့် ရှေ့ဆက်လက် စိုက်ပျိုးသွားမည့် ရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဝန်ကြီးများက တည်ဆောက်ထားသည့် ဆီကြမ်းစက်ရုံနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးမေးမြန်းကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ အရင်းကျေကာလ၊ စီးပွားရေးတွက်သားကိုက်နိုင်သည့်အလားအလာများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးရာ ဦးအောင်ထွေးနှင့် ဆီအုန်းလုပ်ငန်းရှင်များက ပြန်လည် တင်ပြရှင်းလင်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့နယ် မဟာစခန်းမှ မြိတ်မြို့သို့ ရဟတ်ယာဉ်များဖြင့်ထွက်ခွာကြပြီး လမ်းတစ်လျှောက်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းနေမှုများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ကော့သောင်းမြို့နယ်ရှိ ရွှေဆီအုန်း ကုမ္ပဏီလီမိတက်၏ တစ်နာရီ ဆီသီးခိုင် ငါးတန်ကျ ဆီအုန်းစက်ရုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အီရတ်ရှိ လက်တင်အမေရိကတပ်ဖွဲ့ဝင်များ ရုပ်သိမ်းကြရန်တိုက်တွန်း

အီရတ်၌အသေခံရုံသက်သက်ဖြစ်နေဟု ကျူးဘားသမ္မတပြောဆို

ဟာဗားနား မတ် ၁၇

လက်တင်အမေရိကတပ်ဖွဲ့ဝင် ၁၀၀၀ ကျော်သည် အီရတ်နိုင်ငံတွင် အသေခံရုံသက်သက်မျှဖြစ်နေကြသည်ဟု ကျူးဘားသမ္မတ ဖီဒယ်လ်ကက်စထရိုက အင်္ဂါနေ့၌ ပြောဆိုလိုက်သည်။

ထို့ပြင် လက်တင်အမေရိကတပ်များအနေဖြင့် စပိန်တပ်များနှင့်အတူ အီရတ်မှရုပ်သိမ်းကြရန်လည်း သမ္မတကက်စထရိုက တိုက်တွန်းပြောဆိုလိုက်သည်။

ချီးကျူး

ကက်စထရိုသည် အမေရိကန်ဦးဆောင်ပြီး အီရတ်အား ကျူးကျော်တိုက်ခိုက်ခြင်းကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သူဖြစ်သည်။

ဇွန် ၃၀ ရက်၌ စပိန်တပ်ဖွဲ့ဝင် ၁၃၀၀ ရုပ်သိမ်းရန် စပိန်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရသော ဂျိုလူးဝစ်ရိုဒရီ ရုဇ်ဇာပါတီရို၏ ဆုံးဖြတ်ချက်ကို ကျူးဘားသမ္မတ ကက်စထရိုက ချီးကျူးထောမနာပြုသည်။

စပိန်စစ်တပ်၏ အမိန့်ပေးမှုအောက်တွင် အသေခံများအဖြစ်ဆင်းရဲသော လက်တင်အမေရိကနိုင်ငံငယ်များမှ တပ်ဖွဲ့ဝင်လူငယ် ၁၀၀၀ ကျော်ကို အီရတ်သို့စေလွှတ်ထားကြောင်း ကက်စထရိုက ပြောကြားသည်ဟု ဂရန်မာသတင်း၌ ရေးသားဖော်ပြထားသည်။

တာဝန်ရှိ

ထိုလူငယ်များသေဆုံးမှုသည် စပိန်နိုင်ငံ၌ တာဝန်ရှိကြောင်း၊ လက်တင်အမေရိက ပြည်သူများအနေဖြင့် ထိုလူငယ်များပြန်လာရန် မျှော်လင့်ပိုင်ခွင့်ရှိကြောင်း ကက်စထရိုက ပြောကြားသည်။

အီရတ်သို့ပို့ထားသော လက်တင်အမေရိကနိုင်ငံများ၏ တပ်ဖွဲ့ဝင်များ အရေအတွက်သည် ဆာဗေဒို ၃၈၀၊ ဟွန်ဒူရပ် ၃၇၀နှင့် ဒိုမီနီကန် ၃၀၀တို့ ဖြစ်ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

မတ် ၁၇ ရက်က ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်၏အနာဂတ်ကိစ္စရပ်များတွင် ကုလပါဝင်ဆောင်ရွက်စေလို

အီရတ်ခေါင်းဆောင် စစ္စတာနီပြောကြား

ကုလသမဂ္ဂ မတ် ၁၇

အီရတ်သို့ ကုလသမဂ္ဂပြန်လာမည့်ကိစ္စကိုကန့်ကွက်ခဲ့သော အီရတ်ခေါင်းဆောင်က အီရတ်နိုင်ငံ၏ အနာဂတ်တွင် ကုလသမဂ္ဂကို မိမိပါဝင်ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်ဟု ကုလသမဂ္ဂအဆင့်မြင့်အရာရှိတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

လွန်ခဲ့သည့် ရက်အနည်းငယ်၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်ထံ အယာတိုလာအလီအယ်လ်စစ္စတာနီသည် လက်ထောက်အရာရှိမှ တစ်ဆင့် စာရေးသားပေးပို့ခဲ့ကြောင်း စာ၌ အီရတ်အုပ်ချုပ်ရေးကောင်စီဝင်အချို့ထံမှ သတင်းထုတ်ပြန်ချက်နှင့် မိမိအနေဖြင့် ဆန့်ကျင်စရာမရှိကြောင်း ရေးသားထားသည်ဟု အယ်လ်ဂျီးရီးယားနိုင်ငံခြားရေး ဝန်ကြီးဟောင်းဖြစ်ခဲ့သူ ကုလသမဂ္ဂအရာရှိ လက်ခ်ဒါဘရာဟီမီက ပြောကြားသည်။

ဆွေးနွေးခဲ့

ဘရာဟီမီသည် လွန်ခဲ့သည့်လတွင် ကုလသမဂ္ဂအဖွဲ့နှင့်အတူ ဇွန်လမတိုင်မီ အီရတ်၌ရွေးချယ်ပွဲများကျင်းပနိုင်ဖွယ်အခြေအနေကို အီရတ်သို့ သွားရောက်လေ့လာခဲ့သည့်ပြင် ဇွန် ၃၀ ရက်၌ အမေရိကန်ဦးဆောင်သော ကျူးကျော်တိုက်ခိုက်မှု နိဂုံးချုပ်ချိန်တွင် ကြားဖြတ်အစိုးရအတွက် အဆိုပြုချက်များကို ဆွေးနွေးခဲ့သည်။

ပြောကြား

အယ်လ်စစ္စတာနီက အီရတ်တွင် ကုလသမဂ္ဂအနေဖြင့် အခန်းကဏ္ဍတစ်ခုကိုဆောင်ရွက်စေလိုကြောင်း၊ မိမိအား ပြောဆိုခဲ့ကြောင်း ဘရာဟီမီက ပြောကြားသည်။

ပြင်ဆင်ထား

ဘရာဟီမီက သတင်းစာရှင်းပွဲမလုပ်မီ သတင်းထောက်များအား ကိုဖီအာနန်က အကယ်၍ အီရတ်တို့က လိုလားလျှင် အီရတ်သို့ မိမိတို့ပြန်သွားပြီး အကူအညီပေးရန် ပြင်ဆင်ထားကြောင်း၊ သူတို့အပြောကို မိမိတို့စောင့်နေကြောင်း ပြောဆိုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်တို့ အီရတ်၌ လုံခြုံအောင်မဆောင်ရွက်နိုင်

ဂျီနီဗာ မတ် ၁၇

အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်များသည် အီရတ်တို့၏ လုံခြုံရေးကို အာမခံရန် လုံလုံလောက်လောက် ဆောင်ရွက်ခြင်းမရှိကြောင်း အီရတ်အုပ်ချုပ်ရေးကောင်စီဝင်တစ်ဦးက အပေါင်းပါတပ်ဖွဲ့ကို အင်္ဂါနေ့၌ ရှားရှားပါးပါး ဝေဖန်ပြစ်တင်လိုက်သည်။

လွန်ခဲ့သည့်တစ်နှစ်၌ ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချခဲ့ချိန်မှစပြီး အီရတ်တို့သည် အမှန်တကယ်ပင် လုံခြုံမှုမရှိခဲ့ကြောင်း ဝန်ကြီးအဗ္ဗဒူဘက်စ်ဆက်တာကီက ကုလသမဂ္ဂကို ပြောကြားသည်။ အီရတ်၌ အကြမ်းဖက်မှုနှင့် ပေါက်ကွဲမှုများ နေ့စဉ်ဖြစ်ပွားနေရာ အီရတ်တို့၏ မျှော်လင့်ချက်နှင့် ဆန့်ကျင်ဖီလာဖြစ်နေကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ဟီလာမြို့အနီး အသတ်ခံရသော အနောက်နိုင်ငံသား ဒတ်ချ်လူမျိုးဖြစ်ဟု ဒတ်ချ်အစိုးရက ကြေညာ

အမ်စတာဒမ် မတ် ၁၇

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တောင်ဘက်၌ ပြောက်ကျားခုခံရေးသမားများက ပစ်သတ်ခဲ့သော အနောက်နိုင်ငံသားနှစ်ဦးအနက် တစ်ဦးမှာ အစောပိုင်းက ဖော်ပြခဲ့သကဲ့သို့ ဂျာမန်လူမျိုးမဟုတ်ဘဲ ဒတ်ချ်လူမျိုးဖြစ်ကြောင်း ဒတ်ချ်အစိုးရက အင်္ဂါနေ့တွင် ကြေညာသည်။

သေဆုံး

ယခုသေဆုံးသော ဒတ်ချ်အရပ်သားသည် အီရတ်နိုင်ငံ၌ စစ်ပွဲစချိန်မှစပြီး ပထမဆုံးသေဆုံးသော ဒတ်ချ်လူမျိုး အရပ်သားဖြစ်သည်ဟု ဆိုသည်။ အီရတ်ရှိ ရဲအဖွဲ့က အစောပိုင်း၌တိုက်ခိုက်မှုတွင် ဂျာမန်အရပ်သားနှစ်ဦးနှင့် အီရတ်နှစ်ဦးသေဆုံးကြောင်း ပြောဆိုခဲ့သည်။ ယခုအခါ အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်ရှစ်ရက်အတွင်း ပြောက်ကျားခုခံတိုက်ခိုက်ရေးသမားများ လက်ချက်ဖြင့် သေဆုံးသော အနောက်နိုင်ငံသား အရပ်သားရှစ်ဦးထိ ရှိသွားပြီဖြစ်သည်။

အတည်ပြု

ဒတ်ချ်လူမျိုး အရပ်သားတစ်ဦးသေဆုံးကြောင်း မိမိအတည်ပြုသည်ဟု ဒတ်ချ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

အနောက်နိုင်ငံသား အရပ်သားများသည် ဘဂ္ဂဒက်တောင်ဘက်ရှိ ဟီလာမြို့အနီး၌ ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်ဟု ရဲကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကင်းလှည့်

မတ် ၁၇ ရက်က နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ယာဉ်များနှင့် လုံခြုံရေးအတွက် ကင်းလှည့်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ခုနှစ်၌ လောင်စာအခိုးအငွေ့ ထုတ်လွှတ်မှုလျှော့ရေး စင်ကာပူ စည်းကမ်းတင်းကျပ်

စင်ကာပူ မတ် ၁၇

အန္တရာယ်ရှိသော လောင်စာအခိုးအငွေ့များထုတ်လွှတ်ခြင်း သိသိသာသာလျော့ကျစေမည့် ဥရောပလေထုညစ်ညမ်းမှု စံချိန်စံညွှန်းနှင့် ကိုက်ညီစေရန်အတွက် ၂၀၀၆ ခုနှစ် ပတ်ဝန်းကျင်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို စင်ကာပူနိုင်ငံက တင်းတင်းကျပ်ကျပ် ဆောင်ရွက်သွားမည်ဖြစ်သည်။

စီစဉ်

စင်ကာပူနိုင်ငံသည် အာရှ၌ ပတ်ဝန်းကျင်လေထုအသန့်ရှင်းဆုံး တစ်နိုင်ငံဖြစ်ပြီး ယူရို-၄ လောင်စာအခိုးအငွေ့ စံချိန်စံညွှန်းကို ၂၀၀၆ခုနှစ် အောက်တိုဘာလ၌ ပြဋ္ဌာန်းသွားရန် စီစဉ်ထားသည်။

တပ်ဆင်မည်

ယူရို-၄ လိုအပ်ချက်များနှင့် ကိုက်ညီစေရန်အတွက် ကမ္ဘာ့ကား ထုတ်လုပ်သူများသည် ဒီဇယ်အင်ဂျင်များအတွက် ဆန်ခါစနစ်များ ကားများ၌ တပ်ဆင်ပေးရမည်ဖြစ်သည်။

စင်ကာပူနိုင်ငံ၏ ဒီဇယ်ကား ၁၃၇၀၀၀ သည် လေထုညစ်ညမ်းမှု အဆင့် ပီအမ် ၂ ဒသမ ၅ ၏ ၅၀ရာခိုင်နှုန်းခန့်ကို ထုတ်လွှတ်သည်ကို လေထုထဲ၌တွေ့ရှိရသည်ဟု အမျိုးသားပတ်ဝန်းကျင်အေဂျင်စီ ပြောခွင့်ရ အမျိုးသမီးက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံ

ကျူးကျော်စစ်ပွဲကြောင့် အပြစ်မဲ့အီရတ်ပြည်သူများ သေဆုံးခဲ့ကြရ

ယနေ့ကမ္ဘာကြီးကို စစ်အင်အားကြီးမားမှုနှင့် ခြိမ်းခြောက်ကာ ကမ္ဘာ့နိုင်ငံများအပေါ် လွှမ်းမိုးချုပ်ကိုင်လာသည့် မူဝါဒကျင့်သုံးလာသည့်အတွက် တည်ငြိမ်မှုကင်းမဲ့လာခဲ့သည်။ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက အင်အားအသုံးပြု ကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံတွင် နိုင်ငံ၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နေသည့် ပြည်သူတို့ အားကိုးရာ အီရတ်တပ်မတော် ပြိုကွဲခဲ့ရပြီး အပြစ်မဲ့အီရတ်ပြည်သူများမှာလည်း ကျူးကျော်စစ်ကြောင့် အများအပြားသေဆုံးခဲ့သည်။

ငိုကြွေး

မတ် ၂ ရက်က ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသည့် အီရတ်တစ်ဦးအတွက် ၎င်း၏မိသားစုများ ဘဂ္ဂဒက်မြို့ ဆေးရုံတစ်ရုံ၌ ဝမ်းနည်းငိုကြွေးနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၄ ရက်က အမေရိကန်တို့ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသွားသော အီရတ်အရပ်သားနှစ်ဦး ဖော်လူဂျာမြို့ ဆေးရုံ၌ ဆေးကုသမှုခံယူနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆေးကုသမှုခံယူ

မတ် ၁ ရက်က ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသော အီရတ်ကလေးငယ်တစ်ဦး ဘဂ္ဂဒက်မြို့ရှိ ဆေးရုံတစ်ရုံ၌ ဆေးကုသမှုခံယူနေရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗုံးပေါက်ကွဲ

မတ် ၁၇ ရက်က ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။ (ယင်းဗုံးပေါက်ကွဲမှုကြောင့် အပြစ်မဲ့အီရတ်ပြည်သူ ၂၉ဦးခန့် သေဆုံးခဲ့ရသည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲစတင်သည်မှ (၁၇-၃-၂၀၀၄) အထိ အီရတ်တို့ဘက်မှ အသေအပျောက်စာရင်း

စဉ်	အီရတ်ဘက်မှ	သေဆုံးသူ အရေအတွက်
၁။	အီရတ်တပ်ဖွဲ့ဝင်	၁၀၀၀၀ ခန့်
၂။	အီရတ်အရပ်သား	၁၀၄၃၀
		စုစုပေါင်း

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို



ပသောင်းတံတားတည်နေရာပြမြေပုံ

တနင်္သာရီတိုင်း မြိတ်မြို့နယ်ပသောင်းကျေးရွာတွင် တပ်မတော်က တည်ဆောက်ထားသည့် အရှည်ပေ ၈၁၀ ရှိ ပသောင်းတံတားကို တွေ့ရစဉ်။

တပ်မတော်ကတည်ဆောက်ခဲ့သည့် တံတားများ

စဉ်	အမည်	တည်နေရာ	အရှည်ပေ
၁။	ပသောင်းတံတား	တနင်္သာရီတိုင်း မြိတ်မြို့နယ်	၈၁၀
၂။	ဒေါ်လန်းတံတား	ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်	၁၀၀၀
၃။	ငမိုးရိပ်တံတား	ရန်ကုန်တိုင်း ရန်ကုန်မြို့	၆၆၀
၄။	ပုထိုးလုံတံတား	စစ်ကိုင်းတိုင်း မုံရွာခရိုင် ကနီမြို့နယ်	၄၅၀
၅။	လပင်တံတား	စစ်ကိုင်းတိုင်း ကလေးဝမြို့	၂၂၀

အပင်ပန်း အဆင်းရဲခံနိုင်သည့် တပ်မတော်

ပသောင်းတံတားဆိုင်ရာအချက်အလက်များ

၁။ တံတားအမည် - ပသောင်းတံတား
၂။ တည်နေရာ - တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်
၃။ ခန်းဖွင့်ဖွဲ့ပုံ - ပေ ၉၀ (၉ခန်း)
၄။ တံတားပေအရှည် - ၈၁၀ ပေ
၅။ ယာဉ်သွားလမ်းအကျယ် - ၂၈ ပေ
၆။ လူသွားလမ်းအကျယ် - တစ်ဖက်လျှင် ၄ ပေစီ
၇။ ရေလမ်းကြောင်းလွတ်နယ် - အကျယ် ၉၀ ပေ၊ အမြင့် ၂၀ပေ
၈။ တံတားအမျိုးအစား - သံမဏိသံပေါင်ကွန်ကရစ်ခင်း
၉။ စီမံကိန်းစတင်သည့်နေ့ - ၁-၆-၂၀၀၀
၁၀။ စီမံကိန်းပြီးသည့်နေ့ - ၇-၁၂-၂၀၀၁
၁၁။ တံတားဖွင့်လှစ်သည့်နေ့ - ၂၈-၁၂-၂၀၀၁

တပ်မတော်က တည်ဆောက်ထားသည့် ပသောင်းတံတား အဝင်ချဉ်းကပ်လမ်းကို ဤသို့တွေ့ရသည်။

တပ်မတော်က တည်ဆောက်ခဲ့သည့် တနင်္သာရီတိုင်း မြိတ်မြို့နယ်၌ အရှည်ပေ ၈၁၀ ရှိသော ပသောင်းတံတားကို ဤသို့ တွေ့ရစဉ်။ (အောက်ပုံ)

တပ်မတော်သည် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထာဝစဉ်ကြိုးပမ်းထမ်းဆောင်လျက်ရှိသည်။ နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာကို ထိပါးလာသူ မှန်သမျှအား တွန်းလှန်တိုက်ခိုက်ခဲ့သည်ချည်းဖြစ်သည်။ မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းတွင် ဗမာပြည် ကွန်မြူနစ်ပါတီ (ဗကပ)နှင့် ကွမ်းလုံရက် ၄၀ တိုက်ပွဲကြီး၊ ဟိုပန်၊ ခြူးရွှေ၊ ပန်ကောက်၊ ပန်လုံစသည့် တိုက်ပွဲကြီးများကို တပ်မတော်က ဆင်နွှဲခဲ့ရသည်။

၁၉၈၆ခုနှစ်က ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)နှင့် ဖြစ်ပွားခဲ့သော စီစီဝမ်–တာပန်တိုက်ပွဲကြီးသည် မြန်မာ့စစ်သမိုင်းတွင် ထူးခြားသည့် တိုက်ပွဲကြီးတစ်ပွဲဖြစ်သည်။ တပ်မတော်သားများ၏ ရဲစွမ်းသတ္တိကို ပြခဲ့သည့် တိုက်ပွဲကြီးတစ်ပွဲလည်း ဖြစ်သည်။ တပ်မတော်သားများ အသက်ကို ပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ စွန့်စွန့်စားစားတိုက်ပွဲဝင်ခဲ့ကြသည်။

စီစီဝမ်–တာပန် ဆိုသည်မှာ ရှေးယခင်က ရှိခဲ့ဖူးသည့် စီစီဝမ်နှင့် တာပန်ရွာနှစ်ရွာကိုအစွဲပြု၍ အမည်တွင်ခဲ့ခြင်းဖြစ်သည်။ စီစီဝမ်– တာပန်ဒေသသည် တောင်ကြောများဖြစ်ပြီး မူဆယ်မြို့အရှေ့ဘက်ခြမ်းတွင် ပါဝင်သည်။လားရှိုး–ကွတ်ခိုင်–မူဆယ်ကားလမ်းအရှေ့ဘက် ကိုက် ၈၀၀၀ အကွာတွင်ရှိပြီး တောင်နှင့်မြောက်သွယ်တန်းနေသော တောင်ကြောဖြစ်သည်။ တောင်ကြော၏မြောက်ဘက်တွင် မတ်စောက်သော ကမ်းပါးကြီးများ ဖြစ်ပေါ်လျက်ရှိသည်။ အရှေ့ဘက် ကိုက် ၆၀၀၀ ကျော်အကွာတွင် မုံးပေါ်ချိုင့်ဝှမ်းရှိသည်။ အရှေ့ဘက်ခြမ်းတွင် ပိုမိုမတ်စောက်ပြီး ဆင်းတက်ရန် ခက်ခဲသည်။

ဗကပတို့သည် စစ်မဟာဗျူဟာအရ စီစီဝမ်–တာပန်ဒေသအား ခြေကုပ်စခန်းအဖြစ် ရယူ၍ ပတ်ဝန်းကျင် အချက်အချာနယ်မြေများကို သိမ်းပိုက်ပြီး မူဆယ်–နမ့်ခမ်းဒေသအား လွတ်မြောက်ရေးနယ်မြေအဖြစ် ကြေညာရန်ဖြစ်သည်။ ဗကပတို့၏ နယ်မြေသိမ်း အကြံအစည်သည် နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာကို ထိပါးလာခြင်း ဖြစ်သည်။ ထိုသို့ ထိပါးလာသည်ကို တပ်မတော် (ကြည်း)နှင့် တပ်မတော် (လေ)တို့ ပူးပေါင်း၍ ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ စီစီဝမ်–တာပန်တိုက်ပွဲသည် ဗကပတို့ကို အထိနာစေခဲ့သည်။ နှစ်ပေါင်း ၄၀ ကျော် နိုင်ငံနှင့်တိုင်းရင်းသားပြည်သူများကို အနှောင့်အယှက်ပေးခဲ့သော ဗကပတို့ မီးစာကုန် ဆီခန်းဘဝသို့ ရောက်ရှိသွားခဲ့သည်။

၁၉၈၆ ခုနှစ်နိုဝင်ဘာ ၁၆ ရက်တွင် တပ်မတော်စစ်ကြောင်းများသည် ဘိန်းမုန့်ကုန်းစခန်း အနီးသို့ချီတက်၍ ခြစည်းရိုးဖောက်ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ကာ တိုက်ပွဲစတင်သည်။ နေ့စဉ်လိုလိုပင် တပ်မတော်သည် ရန်သူဗကပနှင့် အကြိမ်ကြိမ် ကျားထိုးတိုက်ခိုက်ခဲ့ရသည်။

တိုက်ပွဲကာလတွင် မူဆယ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများသည် တပ်မတော်သားများအပေါ် စေတနာအပြည့်အဝဖြင့် ထမင်းဟင်းကအစ စားသောက်ဖွယ်ရာများပေးပို့ကာ အစွမ်းကုန် ပံ့ပိုး ကူညီခဲ့ကြသည်။ ကြက်ခြေနီ၊ မီးသတ်စသည့် တပ်ဖွဲ့ဝင်များကလည်း စိတ်ဓာတ်ရေးရာအရ တက်ကြွစေရန် အားပေးခဲ့ကြသည်။ တိုင်းရင်းသားပြည်သူများက ဆေးလိပ်စည်း၊ စားဖွယ်သောက်ဖွယ်များ အပေါ်တွင် အားတက်ဖွယ်ကဗျာများ၊ စာများရေးသားကာ တပ်မတော်သားများ စိတ်ဓာတ် တက်ကြွလာအောင်၊ ဓာတ်သွေး၊ ဓာတ်မာန်များ ရှင်သန်နိုးကြားလာအောင် ကူညီပံ့ပိုးခဲ့ကြသည်။

တပ်မတော်သည် ရန်သူခြေကုပ်ယူထားသော စခန်းများကို အပြီးအပိုင် သိမ်းပိုက်နိုင်ရန်စီမံခဲ့သည်။ လိုအပ်သောအမြောက်ပစ်ကူများ၊ လေကြောင်းပစ်ကူများ တောင်းခံခဲ့သည်။ ဗကပတို့သည် အင်အား ၈၀၀၀ ခန့်ဖြင့် စီစီဝမ်– တာပန်ဒေသ ၏ အချက်အချာနယ်မြေများတွင် ခြေကုပ်ယူပြီး လက်နက်ကြီးများဖြင့် ပစ်ကွင်း၊ မြင်ကွင်းများကို စိုးမိုးထားသည်။ တပ်မတော် (လေ)မှ ပီစီ–၇ တိုက်လေယာဉ်လေးစင်းဖြင့် လားရှိုးသို့ နိုဝင်ဘာ ၁၇ ရက်တွင် ပျံသန်းရောက်ရှိလာခဲ့ပြီး တိုက်လေယာဉ်များဖြင့် ရန်သူစခန်းများကို ပစ်ခတ်တိုက်ခိုက် ခဲ့သည်။ နိုဝင်ဘာ ၂၂ ရက်တွင် ဗကပတို့၏ လက်နက်ခဲယမ်းရိက္ခာများ သယ်ယူရာ ပင်မလမ်းကြောင်းနှင့် ဌာနချုပ်ဖြစ်သော မုံးပေါ်နှင့် လွယ်လန်းဒေသကို လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ဗကပတို့ အများအပြား သေကျေ ဒဏ်ရာရခဲ့ပြီး ၎င်းတို့၏ လက်နက်ရိက္ခာများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

စီစီဝမ် – တာပန်တိုက်ပွဲဝင်

လေသူရဲတစ်ဦးနှင့် တွေ့ဆုံခြင်း

စိန်ရွှေလှိုင်

နိုဝင်ဘာ ၂၅ ရက်တွင် ဗကပတို့အား တပ်မတော် (ကြည်း)၊ တပ်မတော် (လေ)နှင့် အမြောက်တပ်တို့က ဟန်ချက်ညီညီ တိုက်ခိုက်ခဲ့ကြသည်။ တပ်မတော် လေတပ်မှ လေယာဉ်များသည် နံနက်ပိုင်းတွင် လားရှိုးလေယာဉ်ကွင်းမှ တက်ခဲ့ပြီး ပီစီ–၇တိုက်လေယာဉ်လေးစင်းဖြင့် တိုက်ခိုက်ခဲ့သည်။ နေ့ပိုင်းတွင် ရဲရဲဝံ့ဝံ့စွန့်စွန့်စားစားဖြင့် ဆက်လက် တိုက်ခိုက်ခဲ့သည်။ တိုက်လေယာဉ်များကို ဗိုလ်မှူးကြီး ခင်မောင်ဝင်းဦးဆောင်၍ ကွပ်ကဲပြီး ရန်သူဗကပများကို စနစ်တကျ စီမံကွပ်ကဲ တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် ဗကပတို့၏ ခုခံမှုလျော့နည်းခဲ့သည်။

စီစီဝမ်–တာပန် တိုက်ပွဲသည် ရန်သူကို အထိနာစေခဲ့သော တိုက်ပွဲဖြစ်ပြီး တစ်လခန့်ကြာမြင့်ခဲ့သည်။ လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူနှင့် ခြေလျင်စစ်ကြောင်းများဟန်ချက်ညီ ပူးပေါင်းတိုက်ခိုက်ခဲ့ကြပြီး ဒေသခံတိုင်းရင်းသား ပြည်သူများက စေတနာအပြည့်အဝဖြင့် အားပေးကူညီပံ့ပိုးပေးခဲ့သဖြင့် ဗကပလက်သို့ ရောက်ရှိခဲ့သည့် စီစီဝမ်–တာပန်ဒေသကို တပ်မတော်က ပြန်လည် တိုက်ခိုက် ရယူသိမ်းပိုက်နိုင်ခဲ့သည်။ တိုက်ပွဲတွင် ရန်သူ ၆၁၇ ဦး ကျဆုံးပြီး ၁၇၂ ဦးဖမ်းမိကာ ၁၅၉ ဦး လက်နက်ချခဲ့သည်။

စီစီဝမ်-တာပန်တောင်ကြောကို ဤသို့ တွေ့ရသည်။

စီစီဝမ်–တာပန်တိုက်ပွဲတွင် ဗိုလ်မှူးကြီးခင်မောင်ဝင်းသည် ရဲဝံ့စွန့်စားစွာဖြင့် စနစ်တကျ ဦးဆောင်မှုပေးကာ အစွမ်းကုန်တိုက်ခိုက်မှုကြောင့် သူရဘွဲ့ရရှိသကဲ့သို့ အသက်ကို စွန့်လွှတ်၍ တိုင်းပြည်အတွက် စွန့်စွန့်စားစား တိုက်ပွဲဝင်ခဲ့သော ဗိုလ်ကြီးတင့်ကိုသည်လည်း သူရဘွဲ့ ရရှိခဲ့သည်။ စီစီဝမ်–တာပန်တိုက်ပွဲတွင် သူရဘွဲ့ရသူ နှစ်ဦးအနက် အသက်ရှင်လျက်ကျန်ရစ်သော ဗိုလ်မှူးကြီးသူရခင်မောင်ဝင်းသည် မိတ္ထီလာမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မြန်မာ့အလင်းက မိတ္ထီလာမြို့သို့သွားရောက်၍ ဗိုလ်မှူးကြီး သူရခင်မောင်ဝင်းကို တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ တစ်ချိန်က ဗိုလ်မှူးကြီး လေတပ်ဆွယ်မှူးနဲ့ လေသူရဲ ခေါင်းဆောင်အဖြစ်ပါဝင်ခဲ့တဲ့ စီစီဝမ်–တာပန် တိုက်ပွဲကြီးနဲ့ ပတ်သက်တဲ့ အတွေ့အကြုံကို သိပါရစေ။

ဖြေ။ စီစီဝမ်–တာပန် ဒေသဟာ မြေအနေအထားအရ မူဆယ်၊ နမ့်ခမ်းဒေသကို စိုးမိုးထားတဲ့အချက်အချာဒေသ ဖြစ်ပါတယ်။ ဗကပတို့ရဲ့ စစ်မဟာဗျူဟာရည်မှန်းချက်ဟာ စီစီဝမ်–တာပန်ဒေသကို ခြေကုပ်စခန်းအဖြစ်ရယူပြီး ပတ်ဝန်းကျင် အချက်အချာနယ်မြေတွေကို ဆက်လက် သိမ်းပိုက်ဖို့ပဲဖြစ်ပါတယ်။ စီစီဝမ်–တာပန်ဒေသမှာ သောင်းကျန်းသူတွေ ခြေကုပ်မယူနိုင်အောင်လို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၊ အမှတ်(၃၃) ခြေမြန် တပ်မဌာနချုပ်နဲ့ အမှတ်(၉၉)ခြေမြန်တပ်မ ဌာနချုပ် လက်အောက်ခံ တပ်ရင်း တပ်ဖွဲ့တွေဟာ ကျားကုပ်ကျားခဲရင်ဆိုင် တိုက်ပွဲဝင်ခဲ့ပါတယ်။ ရန်သူဟာ အင်အားအဆမတန်များပြားခြင်း၊ လက်နက်ကြီးတွေနဲ့ ပစ်ခတ်နေခြင်း၊ ရန်သူဟာ စိုးမိုးတောင်ကုန်းတွေရဲ့ အချက်အချာနေရာတွေကို ခြေကုပ် ယူထားတဲ့အတွက် တပ်မတော် စစ်ကြောင်းတွေဟာ ရန်သူကို ချီတက် တိုက်ခိုက်နိုင်ဖို့ရာ အကန့်အသတ်တွေ များစွာပဲ ရှိနေပါတယ်။အဲဒီအချိန်မှာပဲ တပ်မတော်(လေ)ကို ပစ်ကူတောင်းလို့ ကျွန်တော်ဦးဆောင်တဲ့ ပီစီ–၇ လေယာဉ်လေးစင်းနဲ့ ပီစီ–၆ လေယာဉ်တစ်စင်းဟာ ၁၉၈၆ ခုနှစ် နိုဝင်ဘာလ ၁၇ရက်နေ့မှာ သွားရောက်ပစ်ကူပေးရပါတယ်။ နိုဝင်ဘာလ ၂၂ရက်နေ့မှာတော့ ရန်သူ့ဌာနချုပ်ဖြစ်တဲ့ မုံးပေါ်ဝန်းကျင်ကို အနီးကပ်ပစ်ကူပေး ဗုံးကြဲတိုက်ခိုက်ခဲ့ပါတယ်။ အဲဒီမှာ ဗုံးဒဏ်ကြောင့် ရန်သူ့ အဆောက်အအုံ ၃၀ခန့် မီးဟုန်းဟုန်းတောက် လောင်ကျွမ်းနေတာ အတိုင်းသားတွေ့နေရပါတယ်။ ပီစီ–၇ လေယာဉ်လေးစင်းနဲ့ မိကျောင်းကုန်း၊ ဇော်ဝင်းကုန်း၊ ရင်ဆိုင်ကုန်းတွေကို တိုက်ခိုက်ဖို့ သွားရောက်ခဲ့ပါတယ်။ ရန်သူကလည်း မြေပြင်ကနေ ဒသမ ၅လက်မ စက်သေနတ်ကြီးနဲ့ အဆက်မပြတ်ပစ်နေပါတယ်။ ကျွန်တော်တို့ကလည်း ကိုယ့်အသက်ကို ပဓာနမထားနိုင်တော့ဘဲ ရန်သူ့ပစ်မှတ်တွေဆီကို ဗုံးတွေကြဲချ၊ စက်သေနတ်တွေနဲ့ ပြန်ပစ်ခတ်ခဲ့ပါတယ်။ ရန်သူ့လက်နက်ကြီးကုန်းကို တိုက်ရိုက် ထိမှန်ခဲ့ပါတယ်။ အဲဒီမှာပဲ ပီစီ–၇ အမှတ်(၄) လေယာဉ်မှ ဗိုလ်ကြီးဌေးအောင်ဆီက ဆက်သွယ်မှုရပါတယ်၊ ဗိုလ်ကြီး တင့်ကိုနဲ့ ဗိုလ်ကြီးမျိုးမြင့်တို့မောင်းတဲ့ အမှတ်(၃) လေယာဉ် ဝမ်းဗိုက်မီးလောင်နေတယ်ဆိုတာပါပဲ။ ဟုတ်ပါတယ်။ လေယာဉ်ဟာ မီးလောင်ပြီး မြေပြင်ကို ထိုးစိုက်သွားတာ တွေ့လိုက်ရပါတယ်။ ရန်သူ့ကျည်ထိမှန်လို့ ဗိုလ်ကြီးတင့်ကိုဟာ

လေယာဉ်ပေါ်မှာပဲ ကျဆုံးခဲ့ပြီး
ခုန်ဆင်းစဉ်မှာ ရန်သူ့ကျည်ထိ
အဲဒီအချိန်တုန်းက ရာသီ
တယ်။ တိမ်တွေ ကာဆီးနေ
သဲသဲကွဲကွဲ မမြင်ရပါဘူး။ ဒါ
သားသား မြင်နိုင်အောင်ရယ်၊

စီစီဝမ်–တာပန်တိုက်ပွဲတွင်
စွန့်စွန့်စားစား တိုက်ပွဲဝင်ခဲ့ကြသ

တပ်မတော်သားများ အသက်ကို
တိုက်ပွဲဝင်ခဲ့ရာ ၁၉၈၆ ခုနှစ် ဒီဇင်ဘ
စခန်းများကို ပြန်လည် သိမ်းပိုက်ခဲ့
တာပန်စခန်းကုန်းတွင် အောင်ပွဲခံ
သည်။

ရယ် ကျွန်တော်တို့ တိုက်လေယ
ဆင်းသက်ပျံသန်းတိုက်ခိုက်
ဒီလိုနဲ့ မြေပြင်ကလဲ
စွန့်စွန့်စားစား တိုက်ခိုက်၊ ကျ
နေ့စဉ် ရက်ဆက် ပစ်ကူပေး
၉ရက်နေ့မှာပဲ မြင်ထန်ရွာ၊
တာပန်ဒေသတစ်ခုလုံးကို တ
ရရှိလိုက်ပါတယ်။

လေယာဉ်ပေါ်မှာပဲ ကျဆုံးခဲ့ပြီး ဗိုလ်ကြီးမျိုးမြင့်ကတော့ လေထီးနဲ့ ခုန်ဆင်းစဉ်မှာ ရန်သူ့ကျည်ထိမှန်လို့ ကျဆုံးခဲ့ရတာ ဖြစ်ပါတယ်။

အဲဒီအချိန်တုန်းက ရာသီဥတုကလဲ အတော်ဆိုးရွားနေပါတယ်။ တိမ်တွေ ကာဆီးနေတာကြောင့် မြေပြင်ပစ်မှတ်ကို သဲသဲကွဲကွဲ မမြင်ရပါဘူး။ ဒါကြောင့် ရန်သူ့ပစ်မှတ်ကို ပြတ်ပြတ်သားသား မြင်နိုင်အောင်ရယ်၊ ပစ်ခတ်မှု ထိရောက်ဖို့အတွက်

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

စီစီဝမ်–တာပန်တိုက်ပွဲတွင် တပ်မတော်သားများ ဤသို့ စွန့်စွန့်စားစား တိုက်ပွဲဝင်ခဲ့ကြသည်။

တပ်မတော်သားများ အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့ရာ ၁၉၈၆ ခုနှစ် ဒီဇင်ဘာ ၉ရက်တွင် စီစီဝမ်–တာပန် စခန်းများကို ပြန်လည် သိမ်းပိုက်ခဲ့ပြီးနောက် တပ်မတော်သားများ တာပန်စခန်းကုန်းတွင် အောင်ပွဲခံနေသည်ကို ဤသို့ တွေ့ရသည်။

မေး။ ဗိုလ်မှူးကြီးတို့ တစ်တွေ အခုလို အသက်ဘေးနဲ့ ရင်ဆိုင်ရမယ် ဆိုတာ သိလျက်နဲ့ ဖွဲ့သတ္တိရှိရှိ၊ စွန့်စွန့်စားစား မဆုတ်မနစ် တိုက်ပွဲဝင်ခဲ့တာကို ကျွန်တော်ချီးကျူး ဂုဏ်ယူပါတယ်။ဒါကြောင့်လဲ နိုင်ငံတော်ကချီးမြှင့်တဲ့ စွမ်းရည်ဘွဲ့ကို ရရှိခဲ့တာပါပဲ။

ဖြေ။ **ဒါက တပ်မတော်ရဲ့အစဉ် အလာလို့ ဆိုရပါမယ်။ တပ်မတော်ဟာ စတင်ဖွဲ့စည်းစဉ် ကတည်းက တိုင်းပြည်နဲ့လူမျိုးအတွက် ပထမ၊ တိုင်းပြည်နဲ့ လူမျိုးအတွက် ဒုတိယ၊ တိုင်းပြည်နဲ့ လူမျိုးအတွက် တတိယပါပဲ။ ဒီအတွက် တပ်မတော်သားတွေဟာ အသက်ပေးဖို့ ဝန်မလေးကြ ပါဘူး။ လူတွေဟာ တစ်နေ့သေကြရမှာပါပဲ။ အခုလို တိုင်းပြည်နဲ့ လူမျိုးအတွက် တိုက်ပွဲဝင်ရင်း အသက်စွန့်ကြရတာကို ကျွန်တော် တို့ တပ်မတော်သားတွေက မြတ်တယ်လို့ ခံယူထားကြတာပါ။**

စီစီဝမ်–တာပန် တိုက်ပွဲတွင် အမြောက်တပ်ဖွဲ့က ဤသို့ အမြောက်ပစ်ကူပေးခဲ့သည်။

ရယ် ကျွန်တော်တို့ တိုက်လေယာဉ်တွေဟာ တိမ်တွေရဲ့ အောက်ကို ဆင်းသက်ပျံသန်းတိုက်ခိုက် ရပါတယ်။

ဒီလိုနဲ့ မြေပြင်ကလဲ တပ်မတော်စစ်ကြောင်း တွေက စွန့်စွန့်စားစား တိုက်ခိုက်၊ ကျွန်တော်တို့ လေယာဉ်တွေကလဲ နေ့စဉ် ရက်ဆက် ပစ်ကူပေးခဲ့လို့ ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၉ရက်နေ့မှာပဲ မြင်ထန်ရွာ၊ ကြူကုတ် (ပန်ဆိုင်း)နဲ့ စီစီဝမ်–တာပန်ဒေသတစ်ခုလုံးကို တပ်မတော်က ပြန်လည် သိမ်းပိုက် ရရှိလိုက်ပါတယ်။

တကယ်တော့ စစ်ဆင်ရေးတစ်ခုလုံးမှာ ပါဝင်ဆင်နွှဲခဲ့တဲ့ တပ်မတော်သားတွေရဲ့ တိုင်းပြည်အပေါ် သစ္စာစောင့်သိမှု၊ အမိန့် နာခံတတ်မှု၊ စိတ်ဓာတ်ခိုင်မာမှုနဲ့ ဖွဲ့သတ္တိပြည့်ဝမှု၊ စည်းကမ်း ကောင်းမွန်မှုတွေအပြင် ဒေသခံပြည်သူတွေနဲ့ နယ်မြေခံ ပြည်သူ့စစ်၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်တွေရဲ့ အားပေးကူညီမှုတွေကြောင့် နှစ် ၄၀ ကျော်ကြာ နိုင်ငံတော်ကို အနှောင့်အယှက်ပေးခဲ့တဲ့ ဗကပတွေဟာ မီးစာကုန်ဆီခန်းဘဝ ရောက်ရှိသွားတာပဲ ဖြစ်ပါတယ်။

မေး။ ဗိုလ်မှူးကြီးခင်ဗျား၊ နိုင်ငံတစ်နိုင်ငံအတွက် တပ်မတော်ရဲ့ အရေးပါမှုကို သိပါရစေ။

ဖြေ။ **နိုင်ငံတစ်နိုင်ငံမှာ တပ်မတော်က အရေးပါတဲ့အခန်းက ပါဝင်ပါတယ်။ တပ်မတော် အင်အားမတောင့်တင်းတဲ့ နိုင်ငံကပြည်သူတွေ ဘေးဒုက္ခအမျိုးမျိုး ရောက်တဲ့သာဓကတွေ ယနေ့တိုင် ကမ္ဘာမှာ တွေ့နေရပါတယ်။ နိုင်ငံကြီးအချို့က ဗိုလ်ကျစိုးမိုးရေးဝါဒကို ကျင့်သုံးပြီး ကမ္ဘာ့နိုင်ငံငယ်လေးတွေရဲ့ ပြည်တွင်းရေးတွေမှာ ပါဝင်စွက်ဖက်နေတာကို မကြာခဏတွေ့နေရပါတယ်။ မြန်မာနိုင်ငံ အနေနဲ့လဲ မိမိနိုင်ငံရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ထိထိရောက်ရောက် ကာကွယ်နိုင်ဖို့အတွက် ခေတ်မီပြီး စွမ်းအားရှိတဲ့ တပ်မတော်တစ်ရပ် မရှိမဖြစ် လိုအပ်ပါတယ်။ တပ်မတော် အင်အားရှိမှ တိုင်းပြည် အင်အားရှိမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့သိက္ခာ၊ တပ်မတော်ရဲ့ သိက္ခာကိုထိခိုက်လာရင် တပ်မတော်ဟာ ပြည်သူနဲ့အတူ လက်တွဲပြီးပြန်လည် တွန်းလှန်သွားရမှာဖြစ်ပါတယ်။**

စီစီဝမ်–တာပန် တိုက်ပွဲတွင် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကူညီမှုကိုလည်း မှတ်တမ်းတင်ရမည်ဖြစ်ပေသည်။ ဤတိုက်ပွဲတွင် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများသည် ရေကိုခြား၍ အကြားမထင်သကဲ့သို့ တစ်သားတည်းရှိနေသည်ကို တွေ့ရမည် ဖြစ်သည်။

တပ်မတော်သားများကလည်း ပြည်သူအကြားကပေါက်ဖွားလာကြသော ပြည်သူ့သားကောင်းများပီပီ နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို ထိပါးလာသော အန္တရာယ်ရန်စွယ်မှန်သမျှကို လေ့ခွက်ချည်းကျန် အလံမလှဲစတမ်း တိုက်ခိုက်ချေမှုန်းခဲ့ခြင်း ဖြစ်သည်။

တပ်မတော်၏ ဂုဏ်ရောင်ကို အမြဲထွန်းပြောင်စေသည့် သစ္စာစောင့်သိမှု၊ အမိန့်နာခံတတ်မှု၊ စိတ်ဓာတ်ခိုင်မာမှုနှင့် ဖွဲ့သတ္တိပြည့်ဝမှု၊ စစ်စည်းကမ်းကောင်းမွန်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ တိုက်ရည်ခိုက်ရည်ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှု၊ အချင်းချင်း ရဲဘော် စိတ်ထားရှိမှု၊ စွန့်လွှတ် စွန့်စားမှု၊ သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်မှု ဟူသည့် တပ်မတော်၏ အား(၁၀)ပါး ပြည့်ဝမှုတို့ကြောင့်လည်း တပ်မတော်သည် အမြဲတမ်းအောင်ပွဲခံပြီးအောင်ပန်းဆင်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ။

စီစီဝမ်–တာပန် ဒေသပြမြေပုံ။

ပဉ္စမအကြိမ် စွန်အလှနှင့်စွန်ဖြတ်ပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ကကြီးမှူးပြီး စွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲကို မကြာမီကျင်းပတော့မည်ဖြစ်သည်။ စာရေးသူသည် ယခင် ယခင်နှစ်များကလည်း စွန်အလှနှင့်စွန်ဖြတ်ပြိုင်ပွဲကို မပြတ်သွားရောက်ကြည့်ရှုခဲ့ဖူးသည်။ စိတ်ဝင်စားသည်။ ဝါသနာပါသည်။ ငယ်စဉ်က သူများဖြတ်၍ ပြတ်ကျလာသည့်စွန်ကို အပေါင်းအဖော်များနှင့် တပျော်တပါး လိုက်ကောက်ဖူးသည်။ လုကြသည်။ စွန်မှာ အပိုင်းပိုင်းအစစ ပုံပျက်ပန်းပျက် စုတ်ပြဲသွားသည်။ ကိစ္စမရှိပါ၊ အနည်းဆုံး မှန်စာတိုက်စွန်ကြိုးလေးတော့ လေး၊ ငါး၊ ဆယ်ကိုက်ခန့် ရကြလျှင်ပဲ ကျေနပ်ကြစမြဲပင်။ ငယ်ငယ်တုန်းက ပျော်ကြသည်ကိုး။ ယခုမြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က တိမ်မြုပ် ပျောက်ကွယ်လုဖြစ်နေသော စွန်ဖြတ်ကစားခြင်းပွဲတော် ကျင်းပတော့မည်။ ထို့ကြောင့် စာရေးသူ စိတ်ဝင်စားလှသဖြင့် တာဝန်ရှိပုဂ္ဂိုလ်ဖြစ်သူ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ သီဟသုဓမ္မသီရိ၊ သီရိသုဓမ္မသီရိ လူမှုထူးချွန်(ပထမဆင့်) ဒေါ်မိမိခင်အား တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

တွေ့ဆုံဆွေးနွေးသူ - မင်းလှိုင်ဘွား

စာရေးသူ။ ဥက္ကဋ္ဌခင်ဗျား၊ စွန်လွှတ်ကစားခြင်းဟာ မြန်မာ့ရိုးရာပါ ဆိုတော့ တခြားရိုးရာရယ်လို့ ရှိပါသေးသလား။

ဥက္ကဋ္ဌ။ ဟာ–ရှိတာပေါ့ရှင်၊ စွန်လွှတ်တာကတော့ လေထဲလွှတ်တာခြင်း အတူတူပဲ၊ စွန်ချိုးတာကျတော့ သူ့နိုင်ငံ ယဉ်ကျေးမှု အနုပညာအရ လည်းကောင်း၊ သူ့နိုင်ငံ လေကြောင်းအရ လည်းကောင်း ကိုယ့်နိုင်ငံ ကိုယ့်စွန်ချိုးနည်းနဲ့ ချိုးတာချင်း မတူပါဘူး။

မေး။ ကျွန်တော်တို့ အာရှမှာ ဘယ်နိုင်ငံတွေ ဒီလိုပွဲတော်မျိုး လုပ်ကြပါသလဲ။



စွန်အလှ

မြန်မာ့နဂါး ဆိုသည့် မြန်မာ့လက်ရာ စွန်ချိုးပညာသည်၏ စွန်အလှကို တွေ့ရစဉ်။

ဖြေ။ စွန်လွှတ်တာကတော့ တစ်ကမ္ဘာလုံး သူ့နိုင်ငံနဲ့သူ လွှတ်ကြတာပါပဲ။ အထူးပြောလိုတာက အာရှနဲ့ အရှေ့တောင် အာရှမှာ နိုင်ငံ တော်တော်များများ စွန်လွှတ်၊ စွန်ဖြတ်၊ စွန်အလှပြိုင်ပွဲများ ကျင်းပကြပါတယ်။ အိန္ဒိယနိုင်ငံ၊ တရုတ် ပြည်သူ့သမ္မတ နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကိုရီးယား၊ ဂျပန်၊ ဖိလစ်ပိုင်နဲ့ မြန်မာတို့မှာ ဒီလိုပွဲတော်တွေ ကျင်းပမြဲဖြစ်ပါတယ်။ ဒါကြောင့် မြန်မာတွေဟာလဲ ကိုယ့်နိုင်ငံ လက်မှုအတတ်ပညာနဲ့ ကိုယ့်ရဲ့ လေကြောင်းအတိုင်း လွှတ်တင်ကြတာကို ကျွန်မတို့အဖွဲ့ချုပ်က ပံ့ဖော်ပေးနေတာဖြစ်ပါတယ်။ ခုလို ကျင်းပခဲ့တာ (၄)ကြိမ်ရှိခဲ့ပါပြီ။ ဒါဟာ ပဥ္စမအကြိမ်ပေါ့ရှင်။

၂၀၀၄ခုနှစ် စွန်အလှပြိုင်ပွဲတွင် မြန်မာ့ရိုးရာအနုပညာစွန်အလှများကို ခင်းကျင်းပြသထားစဉ်။

မေး။ ဒီလိုပွဲတော်မျိုးလုပ်ပေးရတာ ရိုးရာအားကစားအဖွဲ့ချုပ်မှာ အခက်အခဲတွေရှိပါသေးလား။ စီးပွားရေး အဖွဲ့အစည်းတွေက ပံ့ပိုးပေးကြသေးလား။

ဖြေ။ အခက်အခဲရယ်လို့တော့ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ လေးငါးနှစ်ကတော့ ဖြစ်မြောက်အောင် အတော့်ကို ကြိုးစားခဲ့ရတယ်။ ပံ့ပိုးတဲ့အဖွဲ့အစည်း မရှိသေးပါဘူး။ Sponsor ရှိရင်လဲ ကျွန်မတို့အဖွဲ့ချုပ်က လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ကြိုဆိုမှာပါ။

မေး။ ဒီမှာက စွန်လို့ခေါ်တယ်။ အထက်အညာက လေတံခွန်ခေါ်တယ်။ တချို့ကတော့ ညနေခင်းစွန်လွှတ်လို့ လေညှင်းပွဲတော်လို့ခေါ်တယ်။ ဒီဝေါဟာရလေးတွေ ကွဲပြားတာပြောပြပါဦး။

ဖြေ။ ဘယ်လိုပဲခေါ်ခေါ်ပေါ့လေ၊ စွန်ဆိုတာက စွန်တစ်ကောင်လို လေထဲမှာ ဝဲပျံနေလို့စွန်ပေါ့။ လေတံခွန်ဆိုတာကလေထဲမှာ တံခွန်ထူတဲ့ ကစားနည်းမို့လေတံခွန်ပေါ့။ လေညှင်းပွဲတော်ဆိုတာက ညနေခင်း အလုပ်ပြီးချိန်၊ ကျောင်းဆင်းချိန် လေညှင်းတိုက်ချိန် ကစားလို့ပါပဲ။

မေး။ အမျိုးသားအားကစားနည်းတစ်ရပ်လို့ ပြောရအောင်၊ အမျိုးသားကျန်းမာရေး၊ လူမှုရေးကို ဘယ်လိုအကျိုးပြုပါသလဲ။

ဖြေ။ အကျိုးပြုတာပေါ့ရှင်၊ လူတိုင်း လူတိုင်းဟာ နိစ္စဓူဝ ဝမ်းစာရှာနေကြရတယ်၊ ကျောင်းသား ကျောင်းသူများလဲ တကုတ်ကုတ် စာကျက်ရတယ်။ လူတိုင်းလိုလို အောက်ငုံ့ပြီး အလုပ်လုပ်တာများရင် ဇက်ကြောတက်တတ်တယ်၊ ခေါင်းလေးတယ်ပေါ့။ ဒီအခါမှာ ကောင်းကင်မှာ ပျံဝဲနေတဲ့ စွန်ကလေးကို မော့ကြည့်လိုက်ရင် ဇက်လေးတာ၊ ခေါင်းကိုက်တာတွေ ပျောက်သွားတတ်ပါတယ်။ နောက်ပြီး မြောက်လေ၊ တောင်လေ၊ အနောက်လေ၊ အရှေ့လေတွေကို စွန်လွှတ်သူတိုင်း ခွဲနိုင်ကြလို့ မိုးလေဝသကိုလည်း တတ်သိနားလည်လာကြပါတယ်။ ဒါကြောင့် အမျိုးသားကျန်းမာရေးနဲ့ ပညာရေးကို အထောက်အကူပြုပါတယ်။

မေး။ မှန်ပါတယ်ခင်ဗျာ၊ စွန်လွှတ်ခြင်းဟာ ကမ္ဘာမှာလဲ လူသားအကျိုးပြု လုပ်ငန်းတွေပေါ်ပေါက်အောင် အကျိုးပြုခဲ့တာပါပဲ။ ဥပမာ–လျှပ်စစ်မီးသီးတီထွင်သူ အက်ဒီဆင်ဟာ မိုးမုန်တိုင်း ကျနေတုန်း စွန်လွှတ်ပြီး စွန်ကြိုးဖျားမှာ ကြေးသော့လေးတစ်ချောင်း တပ်လွှတ်ပြီး လျှပ်စီးဝင်ပုံ၊ လျှပ်စီးလက်ပုံတွေကို လေ့လာခဲ့တယ်လို့ ဆိုပါတယ်။

ဖြေ။ မှန်ပါတယ်၊ လေယာဉ်တီထွင်ခဲ့တဲ့ ရိုက်ညီနောင်ဟာ ပထမဆုံး စွန်လွှတ်ကြည့်တာပဲ။ နောက်တော့မှ ငှက်သတ္တဝါတွေကို ကြည့်ပြီး လူကိုအတောင်တပ်ပြီး အမြင့်က ခုန်ချလေ့ကျင့်တယ်လို့ ကြားသိဖူးပါတယ်။ စွန်လွှတ်ခြင်းဟာ စိတ်ကို အပန်းဖြေရုံသက်သက် မဟုတ်ဘဲ လူသားအကျိုးပြု တီထွင်မှုတွေကို စိတ်ကူး စိတ်သန်းကောင်းကောင်း ထုတ်ယူလေ့ကျင့်ရာ နေရာလဲဖြစ်တယ်ဆိုရင် မမှားပါဘူး။ ဒါကြောင့် စွန်လွှတ်ကစားခြင်းဖြင့် အမျိုးသားအကျိုးစီးပွား မြှင့်တင်ပေးနိုင်တဲ့ လူရည်ချွန် လူရည်မွန်များ ပေါ်ပေါက်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ ။

(မြန်မာ့အလင်း)

ပေါ့ပေါ့ပါးပါးပြုံး ဇာတ်ကား ရုံသုံးရုံအပြိုင်တင်
ပေးဆပ်သူတို့နှလုံးသား ရွှေဆောင်နှင့်နေပြည်တော်၌ပြသ

ရန်ကုန် မတ် ၁၈

ချစ်သူရုပ်ရှင်ထုတ်လုပ်ရေး၏ ပွဲဦးထွက် **ပေါ့ပေါ့ပါးပါးပြုံး**ဇာတ်ကားမှာ သမ္မတ၊သွင်နှင့်မင်္ဂလာအဆင့်မြင့်ရုံ သုံးရုံတွင် ယနေ့ရုံဝင်လာသည်။

အိကြာကွေး၊ ကံချွန်၊ ဇာဂနာ၊ မင်းခိုက်စိုးစံ၊ သမီးမြတ်ကျော်တို့၏ ဇာတ်ညွှန်းကို အကယ်ဒမီမောင်တင်ဦး မွမ်းမံပြီး ဒါရိုက်တာကိုအောင်မင်းသိမ်းက ရိုက်ကူးတင်ဆက်ထားသည်။

ပေါ့ပေါ့ပါးပါးပြုံး

ပေါ့ပေါ့ပါးပါးပြုံးတွင် ကျော်ရဲအောင်၊ ဇာဂနာ၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်နှင့် မေသဉ္ဇာဦးတို့ခေါင်းဆောင် ပါဝင်ထားပြီး ဟာသသရုပ်ဆောင်အားလုံးနီးပါး ပါဝင်ထားသည်။

ရှေးရိုးဆန်သော အဘွားနှင့်အမေကြားတွင် မလွတ်မလပ်နှင့်စိတ်ကျဉ်းကျပ်နေရရှာသူသမီးလေးကိုထွက်ပေါက်ရှာပေးသူအဖေနှင့် ပေါ့ပေါ့ပါးပါးလွတ်လွတ်လပ်လပ်နေလိုသူ သမီးတို့၏ဘဝကို ဟာသနောက်ခံ ရိုက်ကူးထားသော အိမ်ထောင်ရေးပညာပေး ဟာသဇာတ်မြူးကားဖြစ်သည်။

‘ပေါ့ပေါ့ပါးပါးပြုံး’ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ရုပ်ရှင်သတင်းထောက်

ပေးဆပ်သူတို့နှလုံးသား

ချစ်ဦးညို၏ မဏိစန္ဒာဥဒါန်းကို ဒါရိုက်တာ ကြည်စိုးထွန်း ရိုက်ကူးသည့် **ပေးဆပ်သူတို့နှလုံးသား**ရာဇဝင်ဇာတ်ကားမှာ ရွှေဆောင်နှင့်နေပြည်တော်ရုံများတွင် ဆက်လက်အောင်ပွဲခံလျက်ရှိသည်။

အိန္ဒိယဇာတ်ကားကြိုက် ပရိသတ်များအတွက် မြို့မရုံတွင် Awara Paagal Deewana ဇာတ်ကားပြသနေပြီးဘုရင့်ရုံတွင် Army ဇာတ်ကား ပြသနေသည်။

မောင်မင်းကြီးသား မောင်မြဖေ

ကိုကျော်စွာ(အနုပညာရုပ်ဝန်း)စီစဉ်ပြီး ဒါရိုက်တာခင်စောမျိုးရိုက်ကူးသည့် **မောင်မင်းကြီးသားမောင်မြဖေ** ဒီဗီဒီဇာတ်ကား ရွှေဂုန်ရုံတွင် ရုံဝင်လာသည်။ မောင်မင်းကြီးသားမောင်မြဖေတွင် ဦးအောင်စည်အဖြစ် ညွှန့်ဝင်း၊ မောင်မင်းကြီးအဖြစ် ကျော်သူ၊မောင်မြဖေအဖြစ် လွင်မိုး၊ ပုလိပ်သာအေးအဖြစ် ဇော်ဦးတို့ ပါဝင်ပြီး မေသန်းနု၊ မြင့်မြင့်ခိုင်၊ ခင်စိုးပိုင်၊ စိုးမိုးကြည်၊ ခိုင်နှင်းဝေ၊ရတနာခင်၊ လှမျိုးသဉ္ဇာနွယ်၊ပွင့်နဒီမောင်နှင့်ချောရတနာတို့ အားဖြည့်ထားသည်။

သကြၤန်ဝေးဝေး သကြၤန်မတိုင်မီပြမည်

စိန်ငွေရုပ်ရှင်ထုတ်လုပ်ရေးမှ ဇာတ်လမ်း မိုးအိမ်သစ်၊ ဇာတ်ညွှန်း မင်းခိုက်စိုးစံ၊ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင် ရိုက်ကူးပြီး လွင်မိုး၊ ခန့်စည်သူနှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားသော သကြၤန်ဝေးဝေး

‘သကြၤန်ဝေးဝေး’ ဇာတ်ကားမှ လွင်မိုး၊ အိန္ဒြာကျော်ဇင်။

ဇာတ်ကား သကြၤန်မတိုင်မီ ရုံတင်မည်ဖြစ်သည်။ “တို့နှစ်ယောက်က မြစ်တစ်စင်းရဲ့ဘေးမှာ ရှိတာချင်းတော့တူတယ်၊ ဒါပေမယ့် မြစ်ရဲ့တစ်ယောက် တစ်ဖက်ဆီမှာ ရှိနေကြတာ”ဆိုသော သကြၤန်ဖြူ၊ “နင်နဲ့ပတ်သက်ပြီး အမြင့်ဆုံးအိပ်မက်မက်ခဲ့တယ်၊အခု အဲဒီအိပ်မက်ကို မိုးကြိုးအပစ်ခံလိုက်ရပြီ”ဆိုသော ထူးမော်၊ “အချစ်ဆိုတဲ့ သစ်သီးတစ်လုံး ငါ့ရင်ခွင်ထဲ ကြွေကျလာပြီးမှတော့ အဆိပ်ပဲပါပါ၊ ဝေဒနာပဲရှိရှိ ငါစားဖို့ဆုံးဖြတ်လိုက်ပြီ”ဆိုသော ခိုင်မြဲတို့သုံးဦး၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းကို လွမ်းမောဆွတ်ပျံ့ဖွယ် ရိုက်ကူးထားသော သကြၤန်ဇာတ်ကား ဖြစ်သည်။ ။

(မြန်မာ့အလင်း)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းအား ကမ္ဘောဇစိုက်ပျိုးရေးစက်မှုလုပ်ငန်းများလီမိတက် ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မြိတ်မြို့သို့ရောက်ရှိကြရာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဟုန်းငိုင်၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မတ် ၁၆ရက် နံနက်ပိုင်းတွင် မြိတ်မြို့မှ ကျွန်းစုမြို့နယ် ကတန်ကျွန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ထို့နောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နိုင်ငံပိုင် ကတန်ရော်ဘာခြံ ခန်းမ၌ မြို့နယ်မန်နေဂျာ ဦးချစ်ရှိန်နှင့် ခြံမန်နေဂျာ ဦးမြင့်ဆွေတို့က ကတန်ရော်ဘာခြံနှင့်စပ်လျဉ်း၍ အပင်များ၏ သက်တမ်း၊ ရော်ဘာထွက်ရှိမှုနှင့်ခြံလုပ်သားအင်အားတို့ကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ကြီး သူရရွှေမန်းကလိုအပ်သည်များကို မှာကြားသည်။

ရော်ဘာစေးထုတ်ယူမှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ရော်ဘာပင်များမှ အစေးခြစ်၍ ရော်ဘာစေးထုတ်ယူမှုကိုကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည်ရဟတ်ယာဉ်များဖြင့် တနင်္သာရီမြို့နယ်ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နိုင်ငံပိုင် ညောင်ပင်ကွင်းရော်ဘာနှင့်ဆီအုန်းခြံသို့ ရောက်ရှိကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ခြံမန်နေဂျာက ညောင်ပင်ကွင်း ဆီအုန်းခြံနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ဆီအုန်းလုပ်ငန်းရှင်များက ညောင်ပင်ကွင်း ဒေသ၌ ဆီအုန်းစိုက်ပျိုးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားသည်။

ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် တနင်္သာရီမြို့နယ်၌ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကမ္ဘောဇ စိုက်ပျိုးရေးစက်မှုလုပ်ငန်းများ လီမိတက် (Kanbawza Agro Industries Limited) ၏ လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား ရှေးဦးစွာ စီမံကိန်း ရှင်းလင်းဆောင်၌ ကမ္ဘောဇစိုက်ပျိုးရေး စက်မှုလုပ်ငန်းများ လီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးဇော်ဝင်းနိုင်က ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြပြီး စီမံကိန်းဒါရိုက်တာ ဦးသန်းဖေက ၁၉၉၉ ခုနှစ်မှစတင်၍ ဆီအုန်းစိုက်ပျိုးခဲ့မှုနှင့် ယနေ့အထိ စိုက်ပျိုးပြီး ဧကများ၊ ဆီကြိတ်စက်ရုံ တည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ဆီအုန်းစိုက်ပျိုးရာတွင် သတိပြုဆောင်ရွက်သင့်သည်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် အုန်းမြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက်ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားပြီး ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးကာ ကမ္ဘောဇ လီမိတက် ဆီအုန်းစိုက်ခင်းမှထွက်ရှိသည့် ဆီသီးခိုင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ကမ္ဘောဇ လီမိတက်၏ ဆီအုန်းစိုက်ခင်းကို ကြည့်ရှုကြသည်။

ဆီကြိတ်စက်ရုံတည်မည်

ကမ္ဘောဇစိုက်ပျိုးရေးစက်မှုလုပ်ငန်းများ လီမိတက်သည် ဆီအုန်း ဧကနှစ်သောင်းအထိ တိုးချဲ့စိုက်ပျိုးရန် လျာထားပြီး ယခုအခါ ဆီအုန်းဧက ၅၀၀၀ကျော် စိုက်ပျိုးပြီးဖြစ်သည်။ ထို့ပြင် ကုမ္ပဏီအနေဖြင့် တစ်နာရီ သုံးတန်ကျ ဆီကြိတ်စက်ရုံကိုလည်း တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။

ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် မြိတ်မြို့နယ်ရှိ အေးရှားဝေါလ်အင်တီဂရိတ်တက်ဖမ်း(စ်) လီမိတက်(Asia World Integrated Farm's Limited)၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းမြင့်နိုင်က မိမိတို့ ကုမ္ပဏီအနေဖြင့် မြိတ်မြို့နယ် မြိတ်–တနင်္သာရီ ကားလမ်းမဘေး ခံမော်ကျေးရွာ၊ တုံးဗျောကြီးကျေးရွာ ပတ်ဝန်းကျင်တို့၌ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဧက ၁၀၁၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုအခါ ဧက ၃၃၀၀ စိုက်ပျိုးပြီး ဖြစ်ပါကြောင်း၊ စိုက်ပျိုးရန် လျာထား သည့် ဧကများ ပြည့်မီအောင် နှစ်အလိုက် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံကိန်းမန်နေဂျာ ဦးဝဏ္ဏက ဆီအုန်းစိုက်ပျိုးခြင်းတွင် နှောင့်ယှက်ဖျက်ဆီးသည့် 'ဖြူ'နှင့် ကြွက် တိရစ္ဆာန်တို့၏ အန္တရာယ်မှ ကာကွယ်နိုင်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်နိုင်မြင့်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်မြင့်က တနင်္သာရီ မြို့နယ်အတွင်း ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဧက ၂၃၀၀ကျော် စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဆွေးနွေးမှာကြားရာတွင် တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် ကော့သောင်း၊ဘုတ်ပြင်း၊တနင်္သာရီနှင့် မြိတ်မြို့နယ် အတွင်းရှိ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းများသို့ရောက်ရှိလေ့လာခဲ့ကြပြီး ဖြစ်ကြောင်း။

လမ်းညွှန်ထား

တနင်္သာရီတိုင်း၏ ရေမြေ ရာသီဥတု၊ အထူးသဖြင့်မြိတ်–ကော့သောင်း အကြားသည် ဆီအုန်း စိုက်ပျိုး ဖြစ်ထွန်းနိုင်သည့် ရာသီ ရေမြေ ဖြစ်ကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးအဖြစ် ကြိုးပမ်းဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ခြင်းဖြစ်ကြောင်း။

ပါဝင်ဆောင်ရွက်

ဆီအုန်းစိုက်ပျိုးရာတွင် ရင်းနှီးမြှုပ်နှံရသည့်ဘဏ္ဍာငွေကြေး၊ တွေ့ကြုံရသည့် အခက်အခဲ၊ ရေရှည်ရရှိနိုင်မည့် အကျိုးအမြတ်များကိုလည်း သိရှိခွင့်ရခဲ့ကြပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ဆီအုန်း စိုက်ပျိုးရန် စိတ်ဝင်စားသည့် တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ စိတ်အားထက်သန်မှု၊ ဆောင်ရွက်နိုင်မှုများအပေါ်မူတည်၍ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သွားနိုင်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းတွင် လိုအပ်မည့် စိုက်ပျိုးမြေရရှိရေးနှင့် အခြားလိုအပ်သည့် ကိစ္စများကို အတတ်နိုင်ဆုံး ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒေင်အုပ်စုမန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်၊ ထူးထရိတ်ဒင်းကုမ္ပဏီဥက္ကဋ္ဌ ဦးတေဇ၊ Myanmar Avia Export ဒါရိုက်တာ ဦးလုလု၊ Maung Weik & Family Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးမောင်ဝိတ်၊ ရွှေသံလွင်ကုမ္ပဏီ လီမိတက် ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ရွှေမြေရတနာကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးလှမောင်ရွှေ၊ ငွေဆင်ကုမ္ပဏီ လီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးစိုးမြင့်၊ ရွှေဆီအုန်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဒေါက်တာ ကိုကိုထွေး၊ ပြည့်ဖြိုးထွန်း ကုမ္ပဏီလီမိတက်ဒါရိုက်တာ ဦးလှသန်း၊ ထူးထူးတိုးကုမ္ပဏီလီမိတက်ဒါရိုက်တာ ဦးဝင်းဗိုလ်တို့က နိုင်ငံတော်၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းတွင် ကုမ္ပဏီအလိုက် တာဝန်ယူစိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကွင်းဆင်းလေ့လာဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်နိုင်မြင့် ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်မြင့်က ဆီအုန်းလုပ်ငန်းရှင်များ အသင်း ဖွဲ့စည်းဆောင်ရွက်ခွင့်ရရှိရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားပြီး အေးရှားဝေါကုမ္ပဏီ၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မြိတ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲဆက်လက်ကျင်းပ
ကျောက်စိမ်းအတွဲ၄၇၀တန်ဖိုးယူရိုငွေ၉၁သမ၁သန်းကျော်ဖြင့်ရောင်းချရ

ရန်ကုန် မတ် ၁၈

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများကို ယမန်နေ့ညနေ ၅ နာရီမှ ည ၁၀ နာရီခွဲအထိ ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၂၁ တွဲကို တန်ဖိုးယူရိုငွေ ၃၄၇၅၇၉၁ ဖြင့် ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြသည်။ ယမန်နေ့တစ်နေ့တည်းမှာပင် ကျောက်စိမ်းအတွဲပေါင်း ၇၁ တွဲကို တန်ဖိုးယူရိုငွေ ၄၈၂၇၇၇၇ ဖြင့် ရောင်းချရသည်။

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအစီအစဉ်အရ တတိယနေ့အဖြစ် ယနေ့နံနက်၉နာရီတွင် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ညနေ ၅ နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၂၁ တွဲကို တန်ဖိုးယူရိုငွေ ၁၀၈၆၁၁၂ ဖြင့် ပြည်တွင်းပြည်ပ ရတနာကုန်သည်များက အပြိုင်အဆိုင် ဈေးပြိုင်ပေး၍ ဝယ်ယူကြသည်။ ကျောက်စိမ်းအတွဲများကို မတ် ၁၆ ရက်မှ ၁၈ ရက် ညနေ ၅ နာရီအထိ သုံးရက်အတွင်း ကျောက်စိမ်းအတွဲ ၄၇၀ ကို တန်ဖိုးယူရိုငွေ ၉၁၇၁၅၃၀ ဖြင့် ရောင်းချခဲ့ရသည်။ ကျောက်စိမ်းအတွဲများကို ညပိုင်းအထိ ဆက်လက် ရောင်းချလျက်ရှိသည်။

မတ် ၁၉ ရက်နှင့် ၂၀ ရက်များတွင် ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက် ရောင်းချသွားမည်ဖြစ်သည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ရတနာပြပွဲသို့ ၂၅နှစ် ဆက်တိုက်တက်ရောက်ခဲ့သော ပြည်ပနိုင်ငံ M/S. Mei Mei Jade Ware Co.မှMr. Hui Cheong Shin အား အမှတ်တရလက်ဆောင်ပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ ရတနာပြပွဲသို့ နှစ်၂၀ဆက်တိုက်တက်ရောက်ခဲ့သည့် ပြည်ပမှရတနာကုန်သည် ငါးဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအတွင်းရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ရတနာပြပွဲသို့ ၁၅နှစ်ဆက်တိုက်တက်ရောက်ခဲ့သည့် ပြည်ပမှ ရတနာကုန်သည် ငါးဦးနှင့် ရတနာပြပွဲသို့ ၁၀ နှစ်ဆက်တိုက်တက်ရောက်ခဲ့သည့် ပြည်ပမှ ရတနာကုန်သည်ခြောက်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

လောင်စာတွေကိုရှင်း၊ မီးဘေးအန္တရာယ်ကင်း

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား နိုင်ငံခြားဧည့်သည်အဖွဲ့တွေ့ဆုံ

ရန်ကုန် မတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား t p h, The Printers House(P) Ltd. မှ Assistant General Manager, International Business ဖြစ်သူ Mr. Yogesh M. Kharbanda သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ယင်းသို့တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးပြိုင်ပွဲများသွားရောက်ယှဉ်ပြိုင်ခဲ့ပြီးပြန်လည်ရောက်ရှိလာသည့် မြန်မာ့တပ်မတော်ဘောလုံးနှင့် ဘော်လီဘောအားကစားအဖွဲ့ဝင်များအား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကြိုဆိုနှုတ်ဆက်

ရန်ကုန် မတ် ၁၈

တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင်ကစားခဲ့ပြီး လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည့် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးကြီးအောင်စံတင် ခေါင်းဆောင်သော မြန်မာ့တပ်မတော်ဘောလုံးနှင့် ဘော်လီဘောအားကစားအဖွဲ့ဝင်များအား ယနေ့ည ၇ နာရီတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ကြိုဆိုနှုတ်ဆက်သည်။ (အပေါ်ပုံ)

ထိုသို့ကြိုဆိုနှုတ်ဆက်ရာတွင် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်၊ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်း၊ တပ်မတော်တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဘောလုံးနှင့် ဘော်လီဘောဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ စစ်သံမှူး Colonel Jasvinder Singh Chopra တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၈

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၉ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ ကျင်းပမည်ဖြစ်သည်။

သို့ပါ၍ ပါဝင်လှူဒါန်းလိုသော အလှူရှင်များသည် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဖုန်း-၀၃၁-၂၅၁၇၈နှင့် ၀၉၈၀-၃၂၉၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၉-၃-၂၀၀၄
(သောကြာနေ့)
၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ရက်
(အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓ‌ေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၀ ၈။ လဝွမ်းပြင်ရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
  - စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၆)သင်တန်းဆင်းပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading.
- ၁၁:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃ ခုနှစ်)
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၁၇:၄၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၁၈:၀၀ ၉။ တေးဂီတအစီအစဉ်
- ၁၈:၁၅ ၁၀။ Discovery.
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၈)
- ၁၉:၃၅ ၁၄။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉:၄၅ ၁၅။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၆) သင်တန်းဆင်းပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် "ပြည်သူ့အတွက် တပ်မတော်"
  - ပြည့်အကျိုးလုပ်ငန်းသယ်ပိုးရန်မှာ တို့ဝန်တာ" (ပညာရေးဝန်ကြီးဌာန)
  - ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက်
  - သစ္စာလေးချက်သံမှိုနှက်သို့ (ရဲဘော်ခင်မောင်လှ၊ ဖိုးဆိုချင်-ခင်မောင်ညွှန့်)
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ရုပ်မြင်သံကြားဇာတ်လမ်း **"ဘေးရန်ဆီးကာ"** (နေအောင်၊ နေဆန်း၊ စုလိုင်နှင်း၊ မြသဥ္စာလီ) (ဒါရိုက်တာ-သက်တင်)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

ရှေ့တန်းစစ်မျက်နှာ

★ စက်ရုံထဲမှာ၊ ဝတ်စုံပြာနှင့်
သန်မာခန့်ထွား၊ အလုပ်သမားတို့
ကြိုးစားကုန်ထုတ် နေချိန်ဝယ်။

★ လယ်ကွက်ထဲတွင်၊ ထမင်းရှင်တို့
နှင်တံဆွဲလျက်၊ နွားနှင့်ဖက်၍
ထွန်ယက်စိုက်ပျိုး နေချိန်ဝယ်။

★ ရုံးဌာနမှာ
ဉာဏလုပ်သား၊ ကလောင်သွားဖြင့်
များစွာတာဝန်၊ အားစိုက်သွန်ကာ
ကျေပွန်ထမ်းရွက် နေချိန်ဝယ်။

★ စာသင်ကျောင်းတွင်
လုလင်လုံမ၊ ကြိုးလုံ့လဖြင့်
နှုတ်ထိုက်တန်၊ မြတ်သိပ္ပံကို
သင်အံဆည်းပူး နေချိန်ဝယ်။

★ ကျောင်းသင်္ခမ်းမှာ
ရဟန်းသံဃာ၊ ချမ်းမြေ့စွာဖြင့်
ခေမာသောင်ကမ်း၊ နိဗ္ဗာန်နန်းသို့
မြန်းရန်အားထုတ် နေချိန်ဝယ်။

★ ဝေးလံနယ်စပ်၊ တောမြိုင်ရပ်၌
သေနတ်ပိုက်ကာ၊ စစ်သည်မှာ …
မိုးရွာနေပူ၊ နှင်းသိပ်ထူလည်း
မြေငူကုန်းမြင့်၊ တောင်ထပ်ဆင့်လည်း
မြစ်နှင့်တောနက်၊ အသွားခက်လည်း
အိပ်ပျက်မွတ်ငတ်၊ ရိက္ခာပြတ်လည်း
မြတ်နိုးချစ်သဲ၊ သူနှင့်ခွဲလည်း
ချီဆဲ…တိုက်ဆဲ…၊တက်ကြွဆဲ…ပါ။
"ပြည်ရွာအေးချမ်း၊ ဘေးမသန်းဘဲ
လုပ်ငန်းကိုယ်စီ၊ စိတ်ဝမ်းကြည်စွာ
ပြည်သူရွက်ဆောင်၊ နေနိုင်အောင်" မို့
ယောင်လို့မလွမ်း၊ မှန်း၍မဆွေး
တွေး၍မကြောက်၊ မြေပေါ်အောက်မှ
ဖောက်ပြန်ကမ်းကုန်၊ ရန်မျိုးစုံကို
စွမ်းကုန်တိုက်ဖျက် နေလျက်ပါ။ ။

ကို(တက္ကသိုလ်)

မတ် ၁၇ရက်က ရန်ကုန် တိုင်းမိခင်နှင့် ကလေးစောင့် ရှောက်ရေးကြီး ကြပ်မှုကော်မတီက ကြီးမှူး၍ မြို့နယ်များတွင် မိသားစု ဝင်ငွေတိုးလုပ်ငန်းဆောင်ရွက်ရန် အရင်းမပျောက် မတည်ငွေ ပေးအပ်ပွဲတွင် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက် ရေးကြီးကြပ်မှု ကော်မတီနာယက ဒေါ်ခင်သက်ဌေးက ခရိုင်များသို့ အရင်းမပျောက် မတည်ငွေ ပေးအပ်စဉ်။ (သတင်းစဉ်)

Myanmar CP Inter Club Tennis Tournament တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၈

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ Myanmar CP Co.,Ltd. ၏ ပံ့ပိုး ကူညီမှုဖြင့် ကျင်းပမည့် Myanmar CP Inter Club Tennis Tournament တင်းနစ်ပြိုင်ပွဲကို မတ် ၂၇ ရက်မှ ဧပြီ ၂ ရက်အထိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် လက်ရွေးစင်များနှင့် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားများသာပါဝင်ရန်၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းအဆင့် မဟုတ်သူများ၊ အသက်(၄၅)နှစ်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင်တစ်ဦးသာပါဝင်ခွင့်ရှိသည်။ အသက် (၅၀)အထက် အမျိုးသားလက်ရွေးစင်ဟောင်းများနှင့် ပြည်နယ်နှင့်တိုင်းလက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိကြောင်းနှင့် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတို့ဖြစ်သည်။

ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်လိုသူများသည် မတ် ၂၄ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း ၃၇၂၃၆၀၊၃၈၁၉၉၁၊ Fax No. ၃၈၁၉၉၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

သားကောင်းတမန် နှစ်ပတ်လည် မဂ္ဂဇင်းထုတ်ဝေ

ရန်ကုန် မတ် ၁၈

နိုင်ငံခြားရေး ဝန်ကြီးဌာန၏ နှစ်ပတ်လည် အခါသမယဖြစ်သော မတ် ၁၇ ရက်တွင် သားကောင်းတမန် မဂ္ဂဇင်း (၂၀၀၄)ခုနှစ်သည်မိဘပြည်သူတို့၏ ရှေ့မှောက်ရောက်ရှိလာပြန်ပြီဖြစ်သည်။

နှစ်ပတ်လည်မဂ္ဂဇင်းတွင် ကဗျာကဏ္ဍ၌ ကို(တက္ကသိုလ်)၊ တက္ကသိုလ်မင်းမော်၊ မြင်းမူမောင်နိုင်မိုး၊ မောင်ချမ်းအေး(မဲခေါင်တစ်နေရာ)အစရှိသော ကဗျာရှင်များ၏ လက်ရာများ၊ စာပေရတနာများကဏ္ဍ၌ မောင်ခြိမ့်(သာဂရ)၊ စည်သူငြိမ်းအေး၊ သူရဦးအောင်ထက် အစရှိသော ပုဂ္ဂိုလ်များ၏ လက်ရာများ၊ ဆောင်းပါးကဏ္ဍ၌ ဒေါက်တာ မတင်ဝင်း၊ ဒေါက်တာ ကျော်စိန်၊ ဒေါက်တာ ခင်အေး၊ ဒေါက်တာကျော်ဝင်း အစရှိသော တက္ကသိုလ်လောကမှ လက်ရာမွန်များ၊ ရုပ်ဝေးမြေခြား အောက်မေ့ဖွယ်ရာများကဏ္ဍ၌ လှထွန်း(တွံတေး)၊ သောင်းဦး၊ အေးကျော်လွင်(အာဆီယံ)၊ ရဲကျော်ဟိန်း၊ ကောင်းချစ်ဦး အစရှိသော သံတမန်လောကမှ လက်ရာမွန်များ၊ ကာတွန်းကဏ္ဍ၌ ကာတွန်းမောင်မောင်၊ ကာတွန်းပိုဇာ၊ ဆွေမင်း(ခနေဖြူ)၊ ကာတွန်း သန့်စင်တို့၏ လက်ရာကောင်း လက်ရာမွန်များ ရှုမြင်ခွင့် ရရှိမည်ဖြစ်သည်။

သားကောင်းတမန် မဂ္ဂဇင်း (၂၀၀၄) ခုနှစ်ကို ကျပ်တစ်ထောင်နှုန်းဖြင့် ဝယ်ယူအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သီလရှင်အပါး ၁၀၀ စုပေါင်းဝတ်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၈

သန်လျင်မြို့ အောင်ချမ်းသာ(၁)ရပ်ကွက် (ခေမာရာမသီလရှင်စာသင်တိုက်)တွင် တန်ခူးလပြည့်ကျော်ဖရက် ဧပြီ၁၀ရက်စနေနေ့တွင် စုပေါင်းဒုလ္လဘသီလရှင်အပါး၁၀၀ ဝတ်ပွဲကို (၉)ကြိမ်မြောက် ကျင်းပမည် ဖြစ်၍ အမြို့မြို့အနယ်နယ်အရပ်ရပ်မှသီလရှင်ဝတ်လိုသူများတန်ခူးလပြည့်ကျော် ၂ ရက် ဧပြီ၆ရက် (အင်္ဂါနေ့)နောက်ဆုံးထားပြီး အောင်ချမ်းသာ(၁)ရပ်ကွက် ခေမာရာမ သီလရှင်စာသင်တိုက်သို့ စာရင်း ပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ပဉ္စမအကြိမ် စုပေါင်းဒုလ္လဘ အလှူတော်မင်္ဂလာ

ရန်ကုန် မတ် ၁၈

မွန်ပြည်နယ် မုဒုံမြို့ မြို့မမဟာစည်သာသနာ့ရိပ်သာတွင် ၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း၄ရက် (မတ်၂၄ ရက်)မှ နှောင်းတန်ခူးလပြည့်ကျော်၄ ရက် (ဧပြီ၈ရက်)အထိ မုဒုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရေး မိသားစုမှ ပဉ္စမအကြိမ်မြောက် ရှင်သာမဏေ၃၅ပါး၊ သိက္ခာရှင်အပါး ၁၇၀တို့ကို သာသနာတော်တွင်း သွတ်သွင်း၍ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းနှင့် သတိပဋ္ဌာန်တရား ပွားများအားထုတ် ကုသိုလ်ပြုလုပ်ကြမည်ဖြစ်သည်။ ရှင်သာမဏေ၊ သိက္ခာရှင် ဝတ်လိုသော ရပ်ဝေးကျောင်းသား ကျောင်းသူများသည် မတ်၂၃ရက်ထက် နောက်မကျဘဲ မြို့မမဟာစည် သာသနာ့ရိပ်သာသို့လာရောက်ရမည်ဖြစ်သည်။ **(က–ပ)**

တရုတ်နိုင်ငံမှ အလိုရှိသော တရားခံအားလွှဲပြောင်းပေးအပ်

ရန်ကုန် မတ် ၁၈

တရုတ်နိုင်ငံမှ လူသတ်မှု/လုယက်မှုဖြင့် အလိုရှိနေသော တရားခံ ဝမ်ဝိန်ပေါင်း(၄၁)နှစ်(ဘ) ဦးဝမ်ရှီးချွန်(တိုးပင်ရိုးရွာ ပေါက်စန်းဒေသ ချင်းလီမြို့ ချန်းလင့်ခရိုင် ယူနန်ပြည်နယ်) အား မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ဖမ်းဆီးပြီး ၂၀၀၄ ခုနှစ် မတ် ၁၀ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့၌ လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံဘက်မှ မူဆယ်မူးယစ်(အထူး)အဖွဲ့ ကြီးကြပ်သူ အရာရှိ ရဲမှူးဝင်းနိုင်၊ နယ်မြေခံထောက်လှမ်းရေးတပ်မှ ဗိုလ်ကြီးကျော်ဇေယျ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်လွင်၊ မူဆယ်ခရိုင် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးအေးသန်းနှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဘက်မှ ချန်းလင့်ခရိုင် ရဲဌာနမှူး ရဲမှူးကြီးတင်းကျိစိန်း(Ding Zhi Shen)၊ ဒုတိယ ရဲမှူးကြီးဆုဟုန်ကျွင်း(Su Hong Ming)နှင့် တာဝန်ရှိ ရဲအရာရှိများ တက်ရောက်ကြသည်။

တရုတ်နိုင်ငံဘက်မှ လူသတ်မှု /လုယက်မှုဖြင့် ထွက်ပြေးတိမ်းရှောင်လာသော တရားခံ တရုတ်နိုင်ငံသား ဝမ်ဝိန်ပေါင်းအား တရုတ်နိုင်ငံ ရွှေလီရဲဌာန၏ အကူအညီတောင်းခံချက်အရ မြန်မာနိုင်ငံ ဘက်မှ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ရဲတပ်ဖွဲ့နှင့် နယ်မြေခံ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များက မနားမနေ ကြိုးစားဖော်ထုတ်ခဲ့ရာ တရားခံ ဝမ်ဝိန်ပေါင်း ပုန်းအောင်းနေသော ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်ဝိန်းကြီး ကျေးရွာ၌ ဖမ်းဆီးဖော်ထုတ်ရရှိခဲ့ခြင်း ဖြစ်သည်။

တရားခံ လွှဲပြောင်းပေးအပ်မှု အခမ်းအနားတွင် မြန်မာနိုင်ငံဘက်မှ ရဲမှူးဝင်းနိုင်က မူဆယ်ခရိုင် ရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံ ကျယ်ဂေါင်/ရွှေလီရဲတပ်ဖွဲ့ဝင်များ နှစ်နိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်လာသူများ အပြန်အလှန်ကူညီ ဖမ်းဆီးလွှဲပြောင်းနိုင်ခဲ့သည့်အတွက် လုပ်ငန်းအောင်မြင်မှုများ ရရှိခဲ့ကြောင်းနှင့် တရုတ်နိုင်ငံဘက်မှ ချန်းလင့် ခရိုင် ရဲဌာနမှူး ရဲမှူးကြီး တင်းကျိစိန်းက ယခုကဲ့သို့တရုတ်နိုင်ငံဘက်မှ ပြစ်မှုကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသော တရားခံအား မြန်မာနိုင်ငံဘက်မှ ကူညီဖမ်းဆီးပေးသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိကြောင်း၊ နောင်တွင် တရုတ်နိုင်ငံ ချန်းလင့်ခရိုင်မှ တရားခံပြေးများ ရှိခဲ့လျှင်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ အကူအညီတောင်းခံမည်ဖြစ်ကြောင်း၊ မြန်မာ–တရုတ် နှစ်နိုင်ငံ သတင်းဖလှယ်ဆောင်ရွက်မှုကြောင့် အောင်မြင်မှုများ ရရှိကြောင်းတို့ကို ပြောကြားကြပြီး နံနက်၉ နာရီ ၁၅ မိနစ်တွင် တရားခံလွှဲပြောင်းမှု မှတ်တမ်းတွင် မြန်မာနိုင်ငံဘက်မှ ရဲမှူးဝင်းနိုင်က လည်းကောင်း၊ တရုတ်နိုင်ငံဘက်မှ ရဲမှူးကြီးတင်းကျိစိန်းကလည်းကောင်း လက်မှတ်ရေးထိုးကြကာ လွှဲပြောင်းပေးအပ်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

တော်ဝင်သူမဟုတ်ပေမယ့်ဇာတ်လမ်း ထုတ်လွှင့်မည်

ရန်ကုန် မတ် ၁၈

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သန်းဝင်းထွန်း(ဆွာ)၏ဝတ္ထုကို အေးအေးစိုးဇာတ်ညွှန်းရေးသားပြီး မြန်မာ့အသံကစီစဉ်ထုတ်လွှင့်သည့် "တော်ဝင်သူမဟုတ်ပေမယ့်"ဇာတ်လမ်းပမာ နားဆင်စရာကို မတ်၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂ နာရီခွဲနှင့် မတ် ၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂ နာရီ မိနစ်၂၀တို့တွင် မြန်မာ့အသံမှ ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် ဥက္ကာမင်းမောင်နှင့် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြသည်။ **(အောက်ပုံ)(သတင်းစဉ်)**

ကျောက်စိမ်းနှင့် ကျောက်မျက်လုပ်ကွက်များ နိုင်ငံသားပုဂ္ဂလိကကုမ္ပဏီနှင့် အသင်းများ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပြုမည့်ကြေညာချက်ထုတ်ပြန်

ရန်ကုန် မတ် ၁၈

ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များမှ ခွင့်ပြုမိန့်ရယူ၍ တူးဖော်ထုတ်လုပ်လျက်ရှိသည့် ကျောက်စိမ်း၊ ကျောက်မျက် လုပ်ကွက်များအနက်မှ ၂၀၀၄ခုနှစ်ဇူလိုင်၊ ဩဂုတ်၊စက်တင်ဘာလများတွင် သက်တမ်းကုန်ဆုံးမည့် လုပ်ကွက်များအပြင် လစ်လပ် လုပ်ကွက်များနှင့် ဖားကန့်၊ လုံးခင်း၊ နန့်ယားဆိပ်ဒေသများတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ လုပ်ကွက်အဖြစ် သတ်မှတ်ထားသည့် သတ်မှတ်လုပ်ကွက်(အသစ်)များကို နိုင်ငံသားပုဂ္ဂလိကကုမ္ပဏီအသင်းများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရန်ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။

အဆိုပါကြေညာချက်၌ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် နိုင်ငံသားပုဂ္ဂလိကကုမ္ပဏီနှင့်အသင်းများသည် လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်းကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ် (၆၆) မြန်မာ့ကျောက်မျက် ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၌ ၂၀၀၄ ခုနှစ် မတ်၁၅ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများကိုပေးသွင်း၍ မှတ်ပုံတင်ခြင်း၊အဆိုပြုလွှာများကိုထုတ်ယူခြင်းများ ဆောင်ရွက်နိုင်ကြပြီးအဆိုပြုလွှာပုံစံများကို၂၀၀၄ခုနှစ် မတ်၁၅ရက်မှဧပြီ၇ရက်အတွင်းတင်သွင်းကြရန် ကြေညာထားသည်။

အသေးစိတ် အချက်အလက်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် မိုးကုတ်နှင့် လုံးခင်း အခြေပြု ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက် အခြေပြုကျောက်မျက်/ကျောက်စိမ်း(စခန်းရုံး)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာပြိုင်ပွဲများ၌ နိုင်ငံ့ဂုဏ်ဆောင်အောင်နိုင်ခဲ့ကြသော မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများအားဂုဏ်ပြု

ရန်ကုန် မတ် ၁၈

နိုင်ငံတကာအားကစားပြိုင်ပွဲများ၌ နိုင်ငံ့ဂုဏ်ဆောင်အောင်နိုင်ခဲ့ကြသော မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းရှိ ဝူရှူးအားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တရုတ်နိုင်ငံ မကာအိုမြို့၌ ၂၀၀၃ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော (၇) ကြိမ်မြောက် ကမ္ဘာ့ဝူရှူးတံခွန်စိုက် ပြိုင်ပွဲ၌ ဆုရရှိခဲ့သူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)** ဆက်လက်၍ အားကစားဝန်ကြီးဌာန ဝန်ကြီး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင် ဒေါ်အေးအေးက ဆန်းဆိုပြိုင်ပွဲ၌ ဆုရရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် နာယကအဖွဲ့ ခေါင်းဆောင် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင် ဒေါ်ကျင်ခိုင်က တရုတ်နိုင်ငံ ဘောဂျင်းမြို့၌ ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သော (၂)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက် ပြိုင်ပွဲ၌ ဆုရရှိခဲ့သူများအား လည်းကောင်း၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် နာယကအဖွဲ့ဝင် မြန်မာနိုင်ငံ အမျိုးသမီး အားကစား အဖွဲ့ချုပ်နာယက ဒေါ်စန်းစန်းက ဗီယက်နမ်နိုင်ငံ၌ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသော (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဆုရရှိသူများအား လည်းကောင်း၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်နာယကအဖွဲ့ဝင် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယက ဒေါ်ကြည်ကြည်ဝင်းက ဆန်းဆိုပြိုင်ပွဲ၌ ဆုရရှိသူများအားလည်းကောင်း၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်က နိုင်ငံတကာတွင် မြန်မာနိုင်ငံ ဝူရှူးအားကစားနည်း သရုပ်ပြသရန် အထူးဖိတ်ကြားခြင်းခံရပြီးသွားရောက် သရုပ်ပြသခဲ့သော နိုင်ငံ့ဂုဏ်ဆောင် လူငယ်ဝူရှူး အားကစားသမားများ အားလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

အလှူငွေပေးအပ်ပွဲအခမ်းအနားဖိတ်ကြားခြင်း

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒုတိယအကြိမ် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်နိုင်ပါရန် အလှူရှင်များအား ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ၁၉-၃-၂၀၀၄ ရက် (သောကြာနေ့)

အချိန်။ ၁၄:၀၀ နာရီ

နေရာ။ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ ရွှေတိဂုံဘုရားလမ်း

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ

ဖုန်း-၀၃၁-၂၅၁၇၈၊၀၉၈၀-၃၂၉၆၈။

အဘိဓဇမဟာရဋ္ဌဂုရု ပူဇော်သဘင်ဆင်ယင်ကျင်းပမည်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဇေယျာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမစျေးကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးအား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၄) ဖြင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းတော်မူပါသဖြင့် ညောင်တုန်းမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ မြို့နယ်သူမြို့နယ်သားများမှ အောက်ဖော်ပြပါ နေ့ရက်အတိုင်း ပူဇော်ပွဲကျင်းပပြုလုပ်ပူဇော်ကြပါမည်။

နေ့ရက် - ၂၀၀၄ ခုနှစ် မတ်လ ၂၁ ရက် (၁၃၆၅ ခုနှစ် တန်ခူးလဆန်း ၁ ရက်) တနင်္ဂနွေနေ့

အချိန် - နံနက် ၈နာရီတိတိ

နေရာ - ပုဏ္ဏာမာရာမစျေးကျောင်းတိုက်၊ ညောင်တုန်းမြို့။

ပူဇော်ပွဲကျင်းပရေးကော်မတီ။

ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲဆက်

ရန်ကုန် မတ် ၁၈

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Isuzu Motors., Ltd. Japan က အဓိကပံ့ပိုးသည့်၂၀၀၄ခုနှစ်(၂၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၁၇ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒညင်းကုန်းရှိ ရန်ကုန် ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယနေ့(၁၈)ကျင်းကစားအပြီးတွင်အသင်းလိုက်အကျော့မဲ့ (In Team Scratch)ပြိုင်ပွဲ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ၂၃၁+၂၂၅ Total Gross ၄၅၆ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ရန်ကုန်တိုင်းက၂၂၉+၂၃၂ Total Gross၄၆၁ ချက်ဖြင့် ဒုတိယလိုက်ပြီး စစ်ကိုင်းတိုင်းက ၂၃၄+၂၃၅ Total Gross၄၆၉ ချက်ဖြင့် တတိယလိုက်နေသည်။

တစ်ဦးချင်းအကျော့မဲ့(In Individual Scratch)ပြိုင်ပွဲ၌ နိုင်နိုင်လင်း(ရန်ကုန်တိုင်း)က ၇၄+၇၄ Total Gross၁၄၈ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဗိုလ်မှူးခင်ဇော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ၇၄+၇၅ Total Gross ၁၄၉ချက်ဖြင့် ဒုတိယလိုက်နေပြီး အောင်ဝင်း(စစ်ကိုင်းတိုင်း)က ၇၃+၇၇ Total Gross အချက် ၁၅၀ ဖြင့် တတိယလိုက်နေသည်။

အသင်းလိုက်အကျော့ပေး (In Team Handicap) ပြိုင်ပွဲ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ၂၀၁+၂၀၅ Total Nett ၄၀၆ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ကချင်ပြည်နယ်က ၂၀၇+၂၀၃ Total Nettအချက်၄၁၀ ဖြင့် ဒုတိယလိုက်နေပြီး မွန်ပြည်နယ်က ၂၀၅+၂၀၆ Total Nett ၄၁၁ ချက်ဖြင့် တတိယလိုက်နေသည်။

တစ်ဦးချင်း အကျော့ပေး(In Individual Handicap)ပြိုင်ပွဲ၌ Eike Htaung ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ၆၆+၆၇ Total Nett ၁၃၃ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဗိုလ်မှူးခင်ဇော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ၆၂+၇၁ Total Nett ၁၃၃ ချက်ဖြင့် ဒုတိယလိုက်နေပြီး ကျော်သက်ဝေ ရှမ်းပြည်နယ် (မြောက်ပိုင်း)က ၇၂+၆၃ Total Nett ၁၃၅ ချက်ဖြင့် တတိယ လိုက်နေသည်။

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို မတ် ၁၈ ရက် နံနက် ၈ နာရီတွင် ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)







အာဆင်နယ်ဦးဆောင်နေသော ပရီမီယာရှစ်

ဟိန်းသန့်

ရန်ကုန် မတ် ၁၈

အင်္ဂလန်ပရီမီယာရှစ်ပြိုင်ပွဲမှာ အာဆင်နယ်တစ်သင်းတည်းပြေးနေသည့်ပွဲကဲ့သို့ ဖြစ်သွားပေပြီ။ လက်ကျန်ပွဲ ၁၀ ပွဲသာကျန်တော့ချိန်၌ အာဆင်နယ်က ဒုတိယနေရာက ချယ်လ်ဆီးကို ၉ မှတ်နှင့် မန်ယူကို ၁၂မှတ် ဖြတ်ထားနိုင်သည်။ ထိုအခြေအနေအရ ပွဲကပြီးသလောက် ဖြစ်သွားပြီဖြစ်သည်။ ချယ်လ်ဆီးက ချန်ပီယံလိဂ်၊ မန်ယူကအက်ဖ်အေပွဲများတွင်သာ မျှော်လင့်ချက်ရှိတော့ရာ ထိုပွဲများကိုသာ အာရုံအပြည့်အဝစိုက်ထားကြတော့မည့်ပုံပင်။ ထို့ကြောင့် အာဆင်နယ်အတွက် လက်ရှိအခြေအနေများအရ ပရီမီယာရှစ်၌ လွတ်လွတ်ကျွတ်ကျွတ်တစ်သင်းတည်း ဦးဆောင်ခွင့်ရနေပြီဟု ဆိုနိုင်သည်။

ယခုလာမည့်ပွဲစဉ်(၂၉)၌မူ အာဆင်နယ်က ဘော်လ်တန်၊ ချယ်လ်ဆီးကဖူလ်ဟမ်း၊ မန်ယူက တော့တင်ဟမ်တို့ကို အိမ်ကွင်း၌ လက်ခံကစားကြရမည်ဖြစ်ရာ သုံးသင်းစလုံးအတွက် အခွင့်အရေးမတိမ်းမစောင်းပင်ရှိနေကြသည်။ ၎င်းတို့၏ ပြိုင်ဘက် သုံးသင်းစလုံး အလယ်အလတ်အဆင့်၌ ရပ်တည်နေကြရာ အတန်းမဆင်းရရေး အတွက်လည်း စိတ်အေး၊ ဥရောပပွဲဝင်ခွင့်မျှော်လင့်ချက် ခပ်မှိန်မှိန်လောက်အတွက်သာ ကစားကြမည့်အနေအထားမျိုး ဖြစ်နေရာ ပရီမီယာရှစ်၏ ထိပ်ဆုံး သုံးသင်း၏အနေအထားမှာလည်း သိသိသာသာ အပြောင်းအလဲရှိနိုင်လိမ့်မည်ဟု မထင်မိပေ။ စိတ်ဝင်စားစရာကောင်းနိုင်သည့် ပွဲများမှာ ချန်ပီယံလိဂ်ဝင်ခွင့် လက်ကျန်တစ်နေရာကို လုကြမည့် အဆင့် (၄) ချာလ်တန် ၄၃မှတ်၊ အဆင့်(၅) နယူးကာဆယ် ၄၂ မှတ်၊ အဆင့်(၆) ဘာမင်ဂမ် ၄၂ မှတ်နှင့်အဆင့်(၇) အက်စတန်ဗီလာ အမှတ် ၄၀ တို့၏ပွဲများပင်ဖြစ်သည်။ ထိုအသင်းများအနက်နယူးကာဆယ်နှင့်ချာလ်တန်တို့နယူးကာဆယ်ကွင်း၌ ထိပ်တိုက်ဆုံနေကြပြီး အက်စတန်ဗီလာက အိမ်ကွင်းတွင် ဘလက်ဘန်း၊ ဘာမင်ဂမ်က အဝေးကွင်း၌ မစ်ဒယ်ဘရော့အသင်းများနှင့် ရင်ဆိုင်ကြရမည်ဖြစ်ရာ အခု တလောခြေစွာနေသည့် အက်စတန်ဗီလာ အခွင့်အရေးကောင်းသွားနိုင်သည့်အနေအထားမျိုး တွေ့ရသည်။

ပွဲစဉ် (၂၉) (၂၀/၂၁-၃-၂၀၀၅)

အာဆင်နယ်-ဘော်လ်တန်

အာဆင်နယ်အကောင်းဆုံး ခြေစွမ်းကို ပိုင်ဆိုင်ထားသည်။ ထိုအချိန်၌ ဘော်လ်တန်တို့က ခြေပျက်နေသည်။ အိုကိုချာ နွမ်းနယ်မှု၊ လိဂ်ဖလားဗိုလ်လုပွဲ၌ ရှုံးနိမ့်ရမှုတို့နောက်ပိုင်း ဘော်လ်တန်ခြေမမှန်တော့။ နောက်ဆုံးကစားခဲ့သည့် ငါးပွဲဆက်တိုက် ဘော်လ်တန်နိုင်ပွဲမရှိခဲ့။ နောက်ဆုံးကစားခဲ့သည့် သုံးပွဲဆိုလျှင် အရှုံးပင်ဆက်သွားခဲ့သည်။ ထိုသုံးပွဲ၌ သွင်းဂိုးကလည်း တစ်ဂိုးပဲရှိသည်။ ထိုခြေဖြင့် ခြေစွာနေသည့် အာဆင်နယ်ကို မည်သို့ ယှဉ်မည်နည်း။ ကစားရမည်ကလည်း အာဆင်နယ်၏ ဟိုက်ဘူရီ၌ဖြစ်သည်။ သို့သော်ဘော်လ်တန်တို့တစ်ချက်ခံသာသည်က အာဆင်နယ် ယခုပွဲအပြီး ချယ်လ်ဆီးနှင့် ချိန်ပီယံလိဂ် ကွာတားပွဲနွဲရန်ရှိနေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အာဆင်နယ်တို့၏ ဘော်လ်တန်နှင့်ပွဲ၌ မလိုအပ်ဘဲအင်အားကုန်သုံးလိမ့်မည်မဟုတ်၊ ဘောလ်တန်ကို နိုင်ရုံမျှသာ ကစားသွားဖို့များသည်။

အက်စတန်ဗီလာ-ဘလက်ဘန်း

ပထမအကျော့ဘလက်ဘန်းကွင်း၌ အနိုင်ရထားသည်က ဗီလာဖြစ်သည်။ ထိုပွဲဖြင့် ဗီလာတို့ သည်ရာသီအဝေးကွင်းနိုင်ပွဲ စယူခဲ့ခြင်းဖြစ်သည်။ ဘလက်ဘန်း ၀-၂ အက်စတန်ဗီလာ။ ယခုကစားရမည်က အိမ်ကွင်း၌ဖြစ်နေရာ ဗီလာပင် အသာစီး၌ ရှိပေလိမ့်ဦးမည်။ ဗီလာ၏ ယခုတလောခြေစွမ်းမှန်နေသည်။ တိုက်စစ်မှူးများအစွမ်းပြနေကြသည်။ မဲလ်ဘာ့ဂ်ပြန်ကစားနိုင်သဖြင့် ဗီလာတိုက်စစ်ပိုအသက်ဝင်လာသည်။ ဘလက်ဘန်းမှာမူ အသင်းလိုက်ကစားပုံကောင်းသည်။ သို့သော် အဆုံးသတ်၌ မသေချာ၊ ဒွိုက်ယော့စ်၊ ကိုးလ်တို့၏ ဂိုးသွင်းစွမ်းရည်များက ယခုအချိန်၌ ယုံစားထား၍မရ။ သို့သော် တစ်ဖက်ကလည်းအတန်းမဆင်းရရေးအတွက် စိတ်အေးရသည့် နေရာရောက်အောင် အမှတ်လိုနေသေးရာ အတတ်နိုင်ဆုံးတော့ ခံကစားကြလိမ့်မည်ထင်သည်။ ဗီလာကတိုက်စစ်ကောင်း၊ အိမ်ရှင်ဖြစ်နေ၊ ဘလက်ဘန်းက ခံစစ်ပျော့ အဝေးကွင်းကစားအား သာမန်လောက်သာရှိရုံနှင့် ဗီလာကို ကျော်ဖြတ်နိုင်ရန်မှာ ဝေးလွန်းနေသည်။ ဗီလာပင်နိုင်ဖို့များနေသည်။

ချယ်လ်ဆီး-ဖူလ်ဟမ်း

ချယ်လ်ဆီး ယခုပွဲထက်ချန်ပီယံလိဂ်အာဆင်နယ်နှင့်ပွဲကိုအာရုံရောက်နေလိမ့်မည်။ ထို့ကြောင့်ယခုပွဲ၌ ရေနီယာရီ သူ့အသင်းကို အပြောင်းအလဲလုပ်ပြီး ပွဲထွက်လာနိုင်သည်။ ဖူလ်ဟမ်းမှာလည်းကိုးလ်မင်းပြန်ရောက်လာ၍ အားပြန် ပြည့်လာသည်။ ကစားပုံပိုကောင်းလာသည်။ ဖူလ်ဟမ်းကွင်း၌လည်း ချယ်လ်ဆီးကပင် ၁-၀ဖြင့် အနိုင်ယူထားသဖြင့် ယခုပွဲ၌ဖူလ်ဟမ်းအတွက် ရှုံးကြွေးဆပ်ရမည့်ပွဲလိုဖြစ်နေသည်။ ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်ဘက် အာရုံရောက်နေသည့် အခွင့်အရေးကို ဖူလ်ဟမ်းတို့ အပြည့်အဝအသုံးချနိုင်မည်လား။ သိပ်တော့မထင်မိ။ ပရီမီယာရှစ်၌ ဖိအားကင်းနေသည့် ချယ်လ်ဆီးပင် အိမ်ရှင်ဝိတ်ဖြင့် အနိုင်သို့မဟုတ် သရေကစားသွားနိုင်လိမ့်မည် ထင်၏။

လိဒ်စ်-မန်စီးတီး

မန်စီးတီးယုံကြည်ချက်များဖြင့် အားကောင်းနေနိုင်သည်။ မန်ယူကို အိမ်ကွင်း၌ ပြတ်ပြတ်သားသားအနိုင်ကစားပြလိုက်ခြင်းက မန်စီးတီးအသင်းသားများ၏ စိတ်ဓာတ်အားကိုတိုးပွားလာစေနိုင်သည်။ တိုက်စစ်မှူးများလည်း ယုံကြည်ချက်ပိုမို လာကြပြီဖြစ်ရာ ဇယားကြမ်းခင်းမှ လွတ်အောင်ရုန်းနေရသော လိဒ်စ်တို့အတွက် ပွဲကျပ်တစ်ပွဲကိုခက်ခက်ခဲခဲ နွှဲရဦးမည့်ပုံ ဖြစ်နေသည်။ လိဒ်စ်တို့ ကြိုးစားကစားနေ သော်လည်း လက်ရှိအနေအထားအရ ခြေစွမ်းက သိသိသာသာတက်မလာရာ မန်စီးတီးကို အိမ်ကွင်း၌ ကစားရ မည်ဖြစ်သော်လည်း နိုင်မည်ဟုမထင်။ မန်စီးတီးက တစ်မှတ်ခွဲယူနိုင်ခဲ့လျှင်တောင် လိဒ်စ်တို့ ကျေနပ်နေမည့် ပုံရှိသည်။

လက်စတာ-အဲဗာတန်

အရှုပ်အထွေးများကို အသင်းကြားသို့လက်စတာယူမလာခဲ့ပါ။ အသင်းအနေဖြင့် ပြင်ပကိစ္စကိုပြင်ပမှာပဲထားသည်။ အသင်းအနေဖြင့် အတန်းမဆင်းရရေးအတွက် စွမ်းအားရှိသမျှရုန်းထွက်လျက်ရှိနေသည်။ အဲဗာတန်မှာလည်း အလယ်အလတ်၌စိတ်အေးရသလောက်ဖြစ်နေသည်။ ပထမအကျော့ အိမ်ကွင်း၌ ၃-၂ ဖြင့်အနိုင်ယူထားသော်လည်း လက်စတာကွင်း၌လက်စတာ၏ ရုန်းထွက်အားကို ယှဉ်နိုင်မည်မထင်မိ။ ပြီးခဲ့သည့်သုံးရာသီ လက်စတာကွင်းရလဒ်များကလည်း သရေပွဲများချည်းဖြစ်သည်။ ၀-၀ တစ်ပွဲ၊ ၁-၁ နှစ်ပွဲ။ ထို့ကြောင့် ယခုပွဲ၌လည်း သရေပွဲထပ်ဖြစ်သွားဦးမည်လားဟုထင်နေမိသည်။

လီဗာပူး-ဝုလ်ဖ်

လီဗာပူးကလည်း စီးရီးအေမှ အင်တာလိုဖြစ်နေသည်။ ကြိုးစားသလောက် အရာမရောက်၊ နိုင်ပွဲပျောက်နေ၏။ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ကြိုးစားနေသော်လည်း အသင်းက ထင်သလိုတက်မလာ၊ ခံစစ်ကြောင့်လား၊ တိုက်စစ်ကြောင့်လား၊ နည်းပြကြောင့်လား၊ ကစားသမားဒဏ်ရာများကြောင့်လား၊ လား...ပေါင်းများစွာ အဖြေရှာနေဆဲ။ ဝုလ်ဖ်ခုတလောခြေပျက်နေသည်။ အိမ်ကွင်း၌ပင်ယခင် ခြေစွမ်းမရတော့ရာ အဝေးကွင်း၌ သာ၍ ဆိုးပေတော့မည်။ သည်တစ်ခါလီဗာပူး နိုင်ပွဲတွေ့လောက် ပြီထင်သည်။

မန်ယူ-တော့တင်ဟမ်

အရှုံးများကြောင့် မန်ယူယိမ်းယိုင်သွားသည်။ ဖာဂူဆန်မည်သို့ပြန်တည့်မတ်မည်မသိ။ လက်ထောက်နည်းပြကောင်းမရှိပါက ဖာဂီဘာမျှမလုပ်တတ်တော့ကြောင်း သည်ရာသီမှာထပ်သိသာသွားသည်။ ယခုဝေါလ်တာစမစ်တော့ ရောက်နေပြီ၊ ဖာဂူဆန်သက်ပြင်းချနိုင်မည်မထင်သေး။ အသင်းမှာစိတ်ဓာတ်၊ ခြေစွမ်း နှစ်ခုစလုံးပျောက်နေသည်။ ပြီးခဲ့သည့် ရာသီ ပန်းဝင်ခါနီး အာဆင်နယ်ခံစားခဲ့ရသည်မျိုး မန်ယူပြန်ခံစားနေရသည်။ ဝဋ်လည်သည်ဟု ဆိုမည်လား။ ယခုဆုံမည့်တော့တင်ဟမ်မှု ခပ်ပျော့ပျော့အသင်းမျိုးဖြစ်သည်။ ကိုယ့်ကိုဖိအားပေးလာလျှင် မလုပ်တတ်မကိုင်တတ်တော့။ ပထမအကျော့ တော့တင်ဟမ်ကွင်း၌လည်း မန်ယူပင်နိုင်ထားသည်၊ ၂-၁။ ပြီးခဲ့သည့် ရာသီဟောင်းအိုးလ် ထရက်ဖို့ဒ်၏ အစဉ်အလာများအရလည်း မန်ယူမှာ တော့တင်ဟမ်ကို ငယ်နိုင်လိုဖြစ်နေသည်။ ထို့ကြောင့် မန်ယူတို့ ပွန်းပဲ့သွားသော သိက္ခာများအတွက် ယခုပွဲ၌ ပြန်ပေးဆပ် တော့မည်ထင်သည်။ မန်ယူပင်နိုင်ပေလိမ့်မည်။

မစ်ဒယ်ဘရော့-ဘာမင်ဂမ်

ပထမအကျော့အဖြစ် မကြာမီက ကစားထားခဲ့ရာ ဘာမင်ဂမ်နိုင်ထားသည်၊ ၂-၀။ ယခုဒုတိယအကျော့ ပြန်တွေ့ကြပြန်ပြီ။ ဘာမင်ဂမ်ချန်ပီယံလိဂ်မျှော်လင့်နိုင်သည်။ ထို့ကြောင့် ယခုပွဲ၌အားကောင်းသည့် ခံစစ်အားဖြင့် သရေရအောင် ထိန်းကစားလိမ့်မည်။ မစ်ဒယ်ဘရော့၏ ခြေစွမ်းမှာလည်း အညံ့ကြီးမဟုတ်သော်လည်း အသင်းအနေဖြင့် ရည်ရွယ်ချက်များ ပေါက်မြောက်သွားပြီ ဖြစ်သဖြင့် ခပ်လျော့လျော့ဖြစ်သွားသည်။ ထို့ကြောင့် ယခုပွဲကို သရေပွဲလောက်ပဲ မှန်းထားလျှင်ကောင်းမည် ထင်သည်။

နယူးကာဆယ်-ချာလ်တန်

နှစ်သင်းစလုံးအဓိကပစ်မှတ်ဆီသို့ အရောက်သွားနိုင်ရေးအတွက် ကြိုးစားကြလိမ့်မည်။ သို့သော်နယူးကာဆယ်အနေဖြင့် တစ်ဖက်၌ယူအီးအက်ဖ်အေ အဆုံးအဖြတ်ပွဲနွှဲဖို့ရှိနေသေးသည်။ ထို့ကြောင့်ကွင်းမရွေးဘဲတုံ့ပြန်မှုအား



မတ် ၁၃ ရက်က အင်္ဂလိပ် ပရီမီယာရှစ် ဘောလုံး ပြိုင်ပွဲ မန်ချက် စ တာယူနိုက်တက်နှင့် မန်ချက်စတာ စီးတီး အသင်း တို့ ယှဉ်ပြိုင်ကစားပွဲတွင် ရိုင်ယန်ဂစ်ထိုးဖောက် ကစားစဉ်။

(ယင်းပွဲတွင်မန်စီးတီးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင် ရရှိသွားသည်)

ကောင်းသောချာလ်တန်သာနယူးကာဆယ်ကို ရဲရဲရင်ဆိုင်ခဲ့ပါက နယူးကာဆယ် ကစားရကျပ်သွားနိုင်သည်။ ပထမအကျော့အဖြေက ၀-၀။ ပြီးခဲ့သည့် သုံးရာသီရလဒ်များအရ နယူးကာဆယ် နှစ်ပွဲနိုင်တစ်ပွဲရှုံး။ ထိုအနေအထားများအရ ယခုပွဲ၌ နှစ်သင်းစလုံး အခွင့်အရေးကိုယ်စီရှိနေသည်ဟုဆိုနိုင်သည်။ နယူးကာဆယ်၏ အိမ်ကွင်းကစားအားချာလ်တန်၏ ယခုနောက်ပိုင်းခြေစွမ်းများအရနယူးကာဆယ်အနိုင်ရသွားနိုင်သည့် ရာခိုင်နှုန်းပိုများနေသည်။

ပို့စ်မောက်-ဆောက်သမ်တန်

စိန့်နည်းပြစကားရော့၏ အဝေးကွင်းအစွမ်းကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ပို့စ်မောက်အိမ်ကွင်းကောင်းသော်လည်း ဒဏ်ရာများကြောင့်ပုံမှန် အစွမ်း ပြနိုင်မပြနိုင် စဉ်းစားစရာဖြစ်နေသည်။ နည်းပြသစ်ဖြင့် ပြန်မြူးကြွလာသည့် ဖိလစ်နှင့်ဘီတီတို့ကြောင့် ယခုပွဲ၌စိန့်အနိုင်ဟုမှန်းထားချင်မိသည်။ ။ **(မြန်မာ့အလင်း)**

မတ် ၁၅ ရက်က ပညာရေး တက္ကသိုလ် လေ့ကျင့်ရေး အထက်တန်း ကျောင်း တီ၊ တီ၊ စီ တွင် ၁၉၉၀-၁၉၉၄ အထိ တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေဆိုခဲ့ကြသော ကျောင်း သား ကျောင်းသူများ၏ မြတ်ဆရာပူ ဇော် ပွဲ တွင် ကျောင်း သား ကျောင်းသူများက အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား လှူဒါန်းငွေနှင့် အမှတ်တရပစ္စည်းများ ပေးအပ်စဉ်။ (က-ပ)

ထီးတော်တင်လှူပွဲနှင့် သိက္ခာထပ်အလှူမင်္ဂလာ

ရန်ကုန် မတ် ၁၈

ကျေးဇူးရှင်အောင်ဘုန်းပွင့်ဆရာတော်ဘုရားကြီးအား ဦးထိပ်ထားလျက် ဘုရားဒါယကာ ဦးအောင်မင်း၊ ဒါယိကာမ ဒေါ်စန်းစန်းမြိုင် (အောင်သပြေ တာယာကွန်ပေါင်း လုပ်ငန်းပိုင်ရှင်)မိသားစုနှင့် အောင်ဘုန်းပွင့်သာသနာ့အကျိုးဆောင်များ ဦးစီးဦးဆောင်၍ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်သိဒ္ဓိ ပါဠိ (ရာသက်ပန်သက်သတ်လွတ်)ကျောင်းတိုက်တွင် တည်ထားကိုးကွယ်လျက်ရှိသော ပြည်လုံးချမ်းသာ အေးကမ္ဘာအောင်မြေ ကျိုက်ထီးရိုးစေတီတော် ထီးတော်တင်လှူပွဲနှင့် တိပိဋကဓရ ဆရာတော် အရှင်သူမြတ်တို့အား သိက္ခာထပ် အလှူတော်မင်္ဂလာကို ၁၃၆၆ ခုနှစ် တန်ခူးလပြည့် (၄-၄-၂၀၀၅)ရက်နေ့ တနင်္လာနေ့ နံနက် ၈ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်သည်။ တန်ခူးလပြည့်နေ့ညတွင် ရွှေစင် တိပိဋကဓရ တိပိဋကကောဝိဒ မြင်းခြံဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရကလည်းကောင်း၊ လပြည့်ကျော်(၁)ရက်နေ့ညတွင် တောင်ဥက္ကလာ မိုးကုတ်ဝိပဿနာ ရွှေမြင့်မိုရ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သောဘဏ က လည်းကောင်း၊ လပြည့်ကျော်(၂)ရက်နေ့ညတွင် နိုင်ငံတော် ဘွဲ့တံဆိပ်တော်(၉)ဘွဲ့ရ (စစ်ကိုင်းရွှေဟင်္သာ) နယ်လှည့် ဓမ္မကထိကဆရာတော် အရှင် အာစာရာလင်္ကာရ ဆရာတော် အရှင်သူမြတ်တို့က တရားဒေသနာတော်များဟောကြားမည်ဖြစ်သည်။ တပည့် ဒါယကာ၊ဒါယိကာမအပေါင်းတို့အား ကြည်ညို ပူဇော်နိုင်ကြရန် အသိပေး နှိုးဆော်ထားကြောင်းနှင့် စေတနာရှင်များ လှူဒါန်းလိုပါက ဖုန်း-၀၁ ၇၂၂၆၅၁၊ ၆၅၀၂၆၈၊ ၆၆၅၂၀၅ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (၄၂၁)

အကြိုအခြေခံမီးသတ်သင်တန်းဆင်း

ရပ်စောက် မတ် ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အကြိုအခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၃/၂၀၀၅)ဆင်းပွဲကို အလယ်ချောင်ကျေးရွာအုပ်စုတွင် မတ် ၁၄ ရက်နံနက် ၁၀ နာရီက အဆိုပါကျေးရွာအုပ်စု အားကစားကွင်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဟန်၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှူးဒုရဲမှူးတင်ရွှေ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကံဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဟန်က သင်တန်းဆင်းအမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၆၆ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွမ်းခြံကုန်းမြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ လက်ခုပ်ကုန်း(ခ)အသင်းဗိုလ်စွဲ

ကွမ်းခြံကုန်း မတ် ၁၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၏ ညွှန်ကြားမှုဖြင့် ကွမ်းခြံကုန်းမြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲကိုကျေးရွာအုပ်စုများမှ ၁၂သင်းတို့သည် ဖေဖော်ဝါရီ ၈ ရက်က စတင်ယှဉ်ပြိုင်ကစားကြရာ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဖေဖော်ဝါရီ ၂၈ရက်က ကံကြီးမကျီးဈေးအသင်းနှင့် လက်ခုပ်ကုန်း(ခ) အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြရာ လက်ခုပ်ကုန်း(ခ)အသင်းက ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသည်။

ထို့နောက် ဆုရအသင်းများကို ဆုများချီးမြှင့်ရာ နေရာအလိုက်အကောင်းဆုံးဆုများကို မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ချီးမြှင့်ပြီး ပထမ၊ ဒုတိယ၊ တတိယငွေသားသုံးသိန်း၊ နှစ်သိန်း၊ တစ်သိန်းဆုကို ရန်ကုန်တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းက ချီးမြှင့်ပြီး ပထမတံခွန်စိုက်ဆုဖလားကြီးကို မြို့နယ်ဥက္ကဋ္ဌဦးကျော်ရွှေက ချီးမြှင့်သည်။**(ဝဲပုံ) (က-ပ)**

ရေးမြို့နယ် ခေါဇာကျေးရွာ ဖွံ့ဖြိုးရေးအတွက် နိုင်ငံသားကတ်ပြားနှင့် အားကစားပစ္စည်းပေးအပ်

ရေး မတ် ၁၄

မွန်ပြည်နယ် ရေးမြို့နယ်တောင်ပိုင်း ခေါဇာကျေးရွာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အားကစားပစ္စည်းများပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပသည်။

အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးဌေးဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာဥက္ကဋ္ဌများနှင့် ကျေးရွာပြည်သူများတက် ရောက်ကြသည်။

ရေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူး ကြီးတင်အောင်က အမှာစကားပြောကြားပြီး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးဦးသန်းဝင်းက ကျေးရွာဥက္ကဋ္ဌ ဦးငယ်အား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်သည်။

ဆက်လက်၍ အားကစားပစ္စည်းများပေးအပ်ပွဲကျင်းပရာ ခရိုင်ဥက္ကဋ္ဌက ဘောလုံး၊ ဘော်လီဘောနှင့် ခြင်းလုံးများကိုပေးအပ်ရာ ဗိုလ်မှူးကြီးမျိုးဝင်းက လက်ခံရယူပြီး ကျေးရွာဥက္ကဋ္ဌများထံ ပေးအပ်သည်။**(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဆုချီးမြှင့်

တာချီလိတ်မြို့ မိုး လုံ လေ လုံ အားကစားရုံတွင် ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပသည့် မြို့ နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ (၆ လား) အ မျိုးသား၊ အမျိုးသမီး ဘော် လီ ဘော ပြိုင်ပွဲတွင် အမျိုးသမီး ပထမ ဆုရ မိုင်းဖုန်း(က) အသင်းအားမြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်က ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခရိုင်ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားသော ပန်းအလှပင်နှင့် ပျိုးပင်များ အောင်မြင်မှု အခြေအနေကို စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်စန်းနှင့် အဖွဲ့က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးတို့က ရှင်းလင်းပြသကြစဉ်။

(မြို့နယ်စည်ပင်)

အလှူငွေပေးအပ်

ခင်ဦး မတ် ၁၂

ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီခန်းမ၌ ကိုယ့်အားကိုယ်ကိုး မီးသတ်ယာဉ် ဝယ်ယူရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၅ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင်ဒေါက်တာလှမြင့်လွင်က မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်မြိုင်အား ငွေကျပ် ၂၇သိန်း ပေးအပ်လှူဒါန်းသည်။ **(မြို့နယ်ပြန်/ဆက်)**

အမျိုးမျိုး မြို့ အနယ်နယ် သတင်းများ

မတ် ၇ ရက်က ငပုတော မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအောင်ဌေး၊ အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးအောင်ကိုကိုနှင့် ကျေးရွာတာဝန်ရှိ ပုဂ္ဂိုလ်များ ငပုတောမြို့နယ် ကျုံကူးကျေးရွာနှင့် ရဲခေါင်ကြီးကျေးရွာ ဆက်သွယ်သော ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကောလင်းအမက(၃) အားကစားပြိုင်ပွဲကျင်းပ

ကောလင်း မတ် ၁၁

ကောလင်းမြို့နယ်ဖလဲအုပ်စုရွာရှည်တောင်ကျေးရွာ အမှတ်(၃)ဘုန်းတော်ကြီးသင်အခြေခံပညာမူလတန်းကျောင်း ကျေးလက်အားကစားပွဲကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပသည်။

အဆိုပါ အားကစားပွဲတော်တွင် ဘောလုံး၊ ချောတိုင်တက်၊ ခေါင်းအုံးရိုက်၊ ဂုန်နီအိတ်စွပ်၊ တာတိုတာရှည်ပြေးပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲ အားကစားများပါဝင်ပြီး ဆုရသူများကိုကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသုဒဿန၊ ကျောင်းအကျိုးတော်ဆောင် ဦးတိုးနှင့်ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်လွင်တို့က ပထမ၊ ဒုတိယ၊ တတိယဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(ဝ၂၆)**

သီပေါအမက(၁)၌ ပညာရေးကဏ္ဍထပ်ဆင့်ရှင်းလင်း

သီပေါ မတ် ၉

သီပေါမြို့နယ်ပညာရေးဌာနက ကြီးမှူး၍ ပညာရေးဝန်ကြီးဌာန၏ ၂၀၀၃ခုနှစ် ဒုတိယခြောက်လပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ချမှတ်သော လုပ်ငန်းများ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ၁၈ရက်က အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း၌ကျင်းပရာ သီပေါမြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းက အမှာစကားပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ သီပေါမြို့အခြေခံပညာ အထက်တန်းကျောင်းအုပ်ဆရာကြီးဦးကျော်မြင့်က နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်ဆိုင်ရာတာဝန် အမျိုးသားပညာရည် မြင့်မားရေး၊ ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေးနှင့် စာတတ်မြောက်ရေးဆောင်ရွက်မှုကဏ္ဍ၊ နမ့်လန်အခြေခံပညာ အထက်တန်းကျောင်းအုပ်ဆရာကြီးဦးအေးကိုက ပညာရေးနှင့်စစ်ဆေးရေးကဏ္ဍနှင့် မြို့နယ်ပညာရေးမှူးဒေါ်သောင်းသောင်းက စီမံရေးရာကဏ္ဍများကို ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲသို့ သီပေါမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြကြောင်း သိရသည်။ **(၁၀၆)**

သရုပ်ပြ

မုဒုံမြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်အောင်နှင့်ဝန်ထမ်းများ ပူးပေါင်း၍ မတ် ၆ရက်က မုဒုံမြို့ ရွှေဟသာဈေးတွင် မီးသတ်ပိုက်ဖြင့် မီးငြိမ်းသတ်ခြင်းလုပ်ငန်း လက်တွေ့သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ

၂၀-၃-၂၀၀၅(စနေနေ့)

နံနက်ပိုင်း:

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း:

၀၉:၃၀ ခေတ်ပေါ်တေး

၀၉:၄၅ အာဆီယံအစီအစဉ်

၁၀:၀၅ အာယုနှင့်သာဓုဆွေးနွေးခန်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ပြည်တွင်းဖြစ်မော်တော်ယာဉ် ထုတ်လုပ်ရေး၏ အလားအလာကောင်းများအကြောင်း- အပိုင်း-၂)

၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း (၁)မျိုးချစ်တပ်မတော်(ခေါင်းကြီး) (၂)စံပယ်ကုံးနှင့် သူ့၏အပြုံး (ဆောင်းပါးသရုပ်ဖော်)

၁၂:၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း

၁၂:၁၀ ကလေးများအတွက် အင်္ဂလိပ်စာ

ညနေပိုင်း:

၁၇:၀၀ ဆို၊က၊ရေး၊တီး၊ဆုရအစီအစဉ် (မန္တလေးတိုင်းမှ ဒေါ်သပြေ၏ ဓမ္မပူဇာတေး)

၁၇:၁၅ ခေတ်ဟောင်းတေး

၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၁၇:၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (တိုးတက်ပြောင်းလဲနေသော ဘောလီဘောအားကစားနည်းဥပဒေသစ်များ) ဦးဉာဏ်ထွန်း-ညွှန်မှူး(အား/ကာ)

၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)

၁၉:၁၅ ထွင့်ခေါင်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော စံလင်း၏ တစ်ခွန်းစကားတေးစီးရီး

၂၀:၃၀ English working knowledge သင်ခန်းစာ -တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုလျက်
မြန်မာအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်၏ ပံ့ပိုးမှုဖြင့်
ဗိုလ်ကလေးတင့်အောင်နှင့်ဂီတလုလင်မောင်ကိုကိုတို့ ဦးစီး၍
စန္ဒရားပညာရှင်ကြီးများ စုစည်းတင်ဆက်သည့်

ဂီတနန္ဒဝန် စန္ဒရားပဒေသာပွဲကြီး

အချိန် – ည(၇)နာရီတိတိ
နေ့ရက် – ၂၀၀၄ခုနှစ် မတ် ၁၉၊ ၂၀ နှင့် ၂၁ ရက်
နေရာ – အမျိုးသားကဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ရန်ကုန်မြို့
(ကြိုတင်လက်မှတ်စတင်ရောင်းချနေပါပြီ၊ မေတ္တာလက်မှတ် လုံးဝမဝေပါ)
ကြိုတင်လက်မှတ်ရောင်းချမည့်နေရာ – နေပြည်တော် အဆင့်မြင့် ရုပ်ရှင်ရုံနှင့် ချမ်းသာစာပေတိုက်၊ အမှတ် ၁၂၀၊ ၃၄လမ်း(အလယ်)၊ ရန်ကုန်မြို့။

TRAVEL SERVICE
HOTEL **
HOTEL MAX

လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်း၊ ၂၂၀ နေ
ဦးစန်းမြင့်–ဒေါ်ငြိမ်းငြိမ်းတို့၏သားကြီး
မောင်စန်းသူ E.E. (Deco Mart)
နှင့်
မုဒုံမြို့၊ ဒုံကနီရပ်၊ မြစန္ဒာလမ်းနေ
ဦးညွှန့်အောင်–ဒေါ်မြမှုံတို့၏သမီး
မသက်သက်စံ B.Econ (M.M.S.Pte., Ltd.)
တို့သည် ၁–၁–၂၀၀၄ရက်တွင် ပြင်ဦးလွင်မြို့နယ် တရားရုံးတွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။
မောင်စန်းသူ–မသက်သက်စံ။

No. 8, No. 10, 12 (4 mm Ø, 3.25 mm Ø, 2.5 mm Ø)
E-mail Address: mfwmin@myanmar.com.mm

EMPLOYMENT OPPORTUNITIES

(For local service only)

For the expansion of a multinational marketing and distribution company, we are looking out for the following result oriented personnel:

Location : Yangon

(1) Regional Sales Manager - Pharmaceutical Division - 1 post
- 30-40 Years, Male/Female
- Medical Graduate(M.D., M.B.,B.S., B.D.S. . .) with at least 5 years experience in sales management with a reputed organization.
- Should be able to lead and motivate a team of promoters/merchandisers to develop the assigned territory and achieve business objectives.
- Self-Starter with a flair for selling and able to travel extensively.

(2) Sales Supervisor - Pharmaceutical Division - 3 post
- 25 - 35 Years, Science Graduate, Male/ Female
- 2-3 years experience in sales supervision with reputed companies.
- Should have a flair for selling and willing to travel extensively

(3) Asst. Warehouse Manager - 1 post
- 25-45 years, Male/Female, Graduate
- At least 3 years experience in managing warehousing functions with a reputed organization

(4) Storekeeper - 2 post
- 25-35 years, Graduate
- At least 2 years experience in handling warehousing functions with a reputed organization

(5) Commercial Assistant - 1 post
- 25-35 years, Graduate
- Should have experience in foreign/reputed local company of handling any of following areas: import/export documentation & procedures/ banking/ logistics/ commercial functions)

(6) MIS Assistant - 1 post
- 20-35 years, Science Graduate (Graduate in IT is preferable)
- Familiarity and experience with software application/hardware/ networking
- Knowledge of oracle software is an asset.

(7) Special Promotion Team - 20 post
- 18-25 years, Male/Female,10th standard passed
- Pleasant personality, interested in sales & marketing
- Active and willing to work hard

For all above positions, the candidates should possess good written and oral communication skills in Myanmar & English. Attractive Remuneration will be offered to the successful applicants. Candidates may please send resume within 14 days of this advertisement along with NRC Copy, Labor Registration Card to - H.R.D. Manager, No. 35(B), Condominium - B, 1st Floor, Takatho Yeikmon, New University Avenue Road, Bahan Township, Yangon. Ph: 559470, 541384

(Please mention the post you are applying for on the envelope)

မြိတ်မြို့နယ် ကလွင်စုံခေါင်းကျေးရွာမှ

ရှေးဟောင်း ရွှေထည်၊ ငွေထည်လက်ဝတ်ရတနာများ တွေ့ရှိ

ရန်ကုန် မတ် ၁၈

တနင်္သာရီတိုင်း မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ကလွင်စုံခေါင်းကျေးရွာနေ ဦးအောင်ထွေး၏ ဥယျာဉ်ခြံမြေ အတွင်းတွင် ၎င်းကျေးရွာနေ ဦးကျော်လှိုင်နှင့် ဦးတင်ယုတို့နှစ်ဦး သဲကျင်းတူးဖော်စဉ် မြေအောက်အနက်၁ပေခန့် သဲကျင်းအတွင်းမှ စဉ့်မြေအိုးတစ်လုံး(အမြင့် ၁၁လက်မ၊ အချင်း ၈လက်မ၊ ထိပ်ဝအကျယ် ၃လက်မခန့်ရှိကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉နာရီခွဲခန့်တွင် တွေ့ရှိခဲ့သည်။

အဆိုပါ မြေအိုးအတွင်းမှ ရွှေထည်လက်ဝတ်ရတနာမျိုးစုံ၂၀၊ အလေးချိန် ရွှေ၂၃ကျပ်သား၊ ၄ပဲ ၆ ရွေးခန့်နှင့် ငွေ၊ခဲ၊ကြေး သုံးမျိုးစပ် လက်ဝတ်ရတနာပစ္စည်းမျိုးစုံ၂၃မျိုး၊ အလေးချိန် ၅၆ကျပ်သားအပြင်၊ပယင်းနားတောင်း သုံးခု၊ ပယင်းပုတီးစေ့ ၁၉လုံးတို့ကို တွေ့ရှိခဲ့သည်။ ယင်းပစ္စည်းများကို မြေပိုင်ရှင်နှင့် တူးဖော်တွေ့ရှိသူများက နယ်မြေခံထောက်လှမ်းရေးတပ်သို့ အပ်နှံခဲ့ပြီး ထိုမှတစ်ဆင့် တပ်မတော်ထောက်လှမ်းရေး ဌာနချုပ်ရုံးသို့ ပေးပို့အပ်နှံခဲ့သည်။ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ၁၅–၃–၂၀၀၄ ရက်တွင် ရှေးဟောင်းသုတေသနဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့သည်။

၎င်းရွှေထည်ပစ္စည်းများမှာ လက်ကောက် သို့မဟုတ် လက်ကြပ်နှစ်ခြမ်း၊ ပတ္တမြားဟု ယူဆရသော ကျောက်ကိုးလုံးပါ ဆွဲပြားတစ်ခု၊ ရွှေပြားအပိုင်းအစငါးခု၊ နားကပ်လေးခု (တစ်ခုနောက်ပိတ်ပါ)၊ ရွှေလုံးတစ်လုံး၊ ရွှေပုတီးစေ့သေး၅၆စေ့၊ ချိတ်ပါလက်ကောက်နှစ်ကွင်း(အကျိုးပိုင်းလေးပိုင်း)၊ ရွှေပုတီးလုံး ငါးလုံး၊ ပတ္တမြားပါ လေးထောင့်ပြားသုံးခု၊ ထောင့်ရှစ်ထောင့်ပါ ရွှေဖူးနှစ်ခု၊ ရွှေကြယ်သီးလေးခု၊ ဆွဲကြိုးပြတ်နှစ်ခု၊ နားတောင်းကြီး နှစ်ခု(တစ်ခုနောက်ပိတ်ပါ)၊ ရိုးတံပါရွှေပြားတစ်ခု၊ ရွှေပြားသုံးခု၊ ရွှေနားတောင်း နောက်ပိတ်ခွက်သုံးခု၊ ကျောက်ပါရွှေဆွဲသီးတစ်ခု၊ ရွှေကြိုးပတ်(ပုံပျက်) ပစ္စည်းတစ်ခု၊ ရွှေထိပ်ဖူးကွပ် ငွေဆံထိုးတစ်ခု၊ ရွှေဖူးတစ်ခုတို့ ဖြစ်သည်။ ငွေထည်ပစ္စည်းများမှာ ထိပ်ဖူးပါ ငွေလက်ကောက်ရှစ်ကွင်း၊ ပြောင်ကွင်း ၁၂ကွင်း၊ ငွေဆံထိုး သုံးခုတို့ဖြစ်သည်။

အဆိုပါ ပစ္စည်းများမှာ ရှေးဟောင်းလက်ဝတ်ရတနာအဆင်တန်ဆာများ ဖြစ်ပြီးခေတ်အားဖြင့် ခရစ်နှစ် ၁၅ ရာစု မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် အနုပညာ လက်ရာမြောက်ပစ္စည်း ဖြစ်ကြောင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနက ထိုက်တန်စွာဆုကြေးများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တနင်္သာရီတိုင်း မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ကလွင်စုံခေါင်းကျေးရွာမှ တူးဖော်ရရှိသော ရှေးဟောင်းရွှေထည်၊ ငွေထည်လက်ဝတ်ရတနာပစ္စည်းများကို တွေ့ရစဉ်။
(သတင်းစဉ်)

မိုးကြိုဂုန်လျှော်/ ချဉ်ပေါင်လျှော် စိုက်ပျိုးရေးနည်းဆော်ချက်

၁။ စိုက်ပျိုးရာသီချိန် အမီစိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော်များကို ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖေဖော်ဝါရီလလယ်မှ ဧပြီလလယ်အတွင်းတွင် လည်းကောင်း၊ ပဲခူးတိုင်းတွင် မတ်လဆန်းမှ ဧပြီလကုန်အတွင်းတွင် လည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိလည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ ကီလိုနှင့်ပိုတက်ရှ် မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေ ဆက်သည်အထိ ပြည့်ပြည့်ဝဝတင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း ၈၀ နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့ နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်း သုံးစွဲပါ။

၆။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချ စိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာအဆိပ်တုံး ပြုလုပ်၍ စိုက်ခင်း ပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၈။ နည်းပညာနှင့်အကူအညီ ရယူလိုပါက နီးစပ်ရာ မြန်မာ့ ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန



အမည်ပြောင်း ပြည်မြို့ အထက(၁) နဝမတန်း(ခ) မှ မောင်ပိုးသက်နိုင်ဦးအား မောင်လူမင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်လူမင်းသန့်။

သမီးလေး "သွန်းသွန်း" အတွက် မွေးနေ့ဆုတောင်း

၁၉ ရက်နေ့တွင် ကျရောက်သော သမီးလေးရဲ့ (၅)နှစ်မြောက် မွေးနေ့မှစ၍ နောင်လာမည့် မွေးနေ့ပေါင်းများစွာတိုင် သမီးလေး အရာအားလုံးပြီးပြည့်စုံ၍ အောင်မြင်မှုအပေါင်း သရဖူဆောင်းထားနိုင်ပါစေ။

ဘိုးဘိုး – ဦးအောင်ငွေ၊ အင်ဂျင်နီယာမှူး၊ လမ်းအထူး–၈၊ တောင်ကုတ်
ဘွားဘွား – ဒေါ်အေးအေးဝင်း
ဘွားဘွား – ဒေါ်မြင့်မြင့်သန်း လက်ဝဲ၊ ကျောင်းအုပ်ဆရာမကြီး၊ ညောင်ဦး
ဖေဖေ – ဦးဝဏ္ဏအောင်
မေမေ – ဒေါ်ဇင်မာလင်း

(၁၁)ကြိမ်မြောက်မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်း (REGU)ပြိုင်ပွဲကြီး

၂၄-၃-၂၀၀၅ မှ ၃၁-၃-၂၀၀၅

ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံ(သုဝဏ္ဏ)

ပထမ – ဆုဖလားနှင့် ကျပ်သုံးသိန်း
ဒုတိယ – ဆုတံဆိပ်နှင့် ကျပ်နှစ်သိန်း
တတိယ – ဆုတံဆိပ်နှင့် ကျပ်တစ်သိန်း
စတုတ္ထ – နှစ်သိမ့်ဆု ကျပ်ငါးသောင်း

အမျိုးသားအလွတ်တန်းပြိုင်ပွဲနှင့် အမျိုးသားလူသစ်တန်းပြိုင်ပွဲ
အမျိုးသမီးအလွတ်တန်းပြိုင်ပွဲ
ပြိုင်ပွဲဝင်ကြေး–တစ်ထောင်ကျပ် (၂၁-၃-၂၀၀၅) စာရင်းပိတ်မည်။
ပြည်နယ်/တိုင်းမှ ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများအတွက် ခရီးစရိတ်၊ နေထိုင်၊ စားသောက်စရိတ်များကို အဖွဲ့ချုပ်မှ ပံ့ပိုးပေးမည်။
အသင်းတစ်သင်းလျှင် အားကစားသမား ငါးဦးနှင့် အုပ်ချုပ်/နည်းပြတစ်ဦးခွင့်ပြုမည်။
အသေးစိတ်စုံစမ်းရန် ဖုန်း–၅၇၇၄၆၁ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်။



မွေးနေ့ဆုတောင်း

ချစ်သမီးကြီး မချောကလျာလွင်(ခ)ချောစုလေး (ဒုနှစ်၊ စီးပွားရေး၊ မိတ္ထီလာ)၏ ၁၉-၃-၂၀၀၅ ရက်တွင် ကျရောက်သည့် (၂၀)နှစ်ပြည့် မွေးနေ့မှသည် ချမ်းမြေ့ပျော်ရွှင် အောင်မြင်ခြင်းတို့နှင့် ထာဝရ ပြည့်စုံနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလျက်။

ချစ်ဖေဖေ – ဦးလွင်ဦးခိုင်(လားရှိုး)
ချစ်မေမေ – ဒေါ်စိုးစိုးလှိုင်
ချစ်မောင်လေး – စိုးဇေယျာလွင်(ပထမနှစ်၊ မြန်မာစာ)
ကျော်ဇေယျာလွင်(ဆဋ္ဌမတန်း၊ အလက–၂၃)

တိုက်ခန်းအမြန်ရောင်းမည်

တာမွေလေး၊ မင်းရဲကျော်စွာအိမ်ရာ(I.L.B.Cအနီး) ၂၈ ပေ၊ ၃၈ပေ R.T ရေ–မီး–ဖုန်း အဆင့်မြင့်ပြင်ဆင်ပြီး ပထမထပ်နှင့် ဒုတိယထပ် (ညှိနှိုင်းဈေး)။ **ဆက်သွယ်ရန်–ဖုန်း–၅၆၀၈၄၅**



ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ မြေသယ်ကားနှင့်မြေတူးစက် ပြုပြင်ရန် — ကျား (၂) ဦး
၂။ Computer Star Online သုံးပြုရန် — ကျား (၁) ဦး

အမှတ်စဉ် (၁) အတွက် ကျွမ်းကျင်စွာပြုပြင်နိုင်ရမည်။ ဖားကန့်တွင်ခန့်ထားရန် အနည်းဆုံး (ခြောက်)လ ထမ်းဆောင်နိုင်ရမည်။ လစာနှုန်းကို ကျွမ်းကျင်မှုအပေါ် ညှိနှိုင်းပေးမည်။

အမှတ်စဉ် (၂) အတွက် နယ်ခရီးသွားနိုင်ရမည်။ စိတ်ပါဝင်စားသူ ကြော်ငြာပါသည့်ရက်မှစ၍ အမြန်ဆုံး လူကိုယ်တိုင် အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ လာရောက်လျှောက်ထားနိုင်သည်။

အမှတ်၁၂၀၊ ကုန်ဈေးတန်း(အောက်ဘလောက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၂၄၈၂၀၆၊၂၄၃၀၆၂

လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)

နွေရာသီနိုင်ငံခြားဘာသာစကား အခြေခံသင်တန်းသား လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်) က အသက် (၉) နှစ်မှ (၁၃)နှစ်အရွယ်ထိ ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီနိုင်ငံခြားဘာသာစကား အခြေခံသင်တန်းများ ဖွင့်လှစ်ပါမည်။

ဖွင့်လှစ်မည့်သင်တန်း – ဂျပန်ဘာသာ၊ ပြင်သစ်ဘာသာ၊ တရုတ်ဘာသာ
သင်တန်းကာလ – ၁-၄-၂၀၀၅ မှ ၂၈-၅-၂၀၀၅ ထိ ရက်သတ္တပတ် (၇) ပတ်
သင်တန်းအမည် – Elementary French
– Elementary Japanese
Elementary Chinese
လက်မှတ် – Certificate ပေးအပ်ချီးမြှင့်ပါမည်။

သင်တန်းတက်ရောက်လိုသူများသည် မိဘ/အုပ်ထိန်းသူများ ကိုယ်တိုင် ၁၅-၃-၂၀၀၅ (တနင်္လာနေ့)မှ စတင်၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပုံစံဝယ်ယူဖြည့်စွက်လျှောက်ထားနိုင်သည်။

အသေးစိတ်ကို တယ်လီဖုန်းအမှတ်–၅၁၄၃၇၁ (လိုင်းခွဲ–၁၂၃)သို့ ဆက်သွယ် စုံစမ်းနိုင်သည်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ ကျော်လွင်ငွေ နိုင်ငံသားစိစစ်ရေးကတ် ၁၄/ဇလန (နိုင်)၀၈၂၉၃၈ သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုး ပြုလုပ်နေသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။နောင်တွင်ငွေးနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်မယူပါ။

ဒေါ်မြချစ်
နိုင်ငံသားစိစစ်ရေးကတ် ၁၄/ဇလန(နိုင်)၀၁၀၆၁၃
ဇလွန်မြို့

အမည်ပြောင်းခြင်း

အဖ ဦးစောဖေ၏သား တာချီလိတ်မြို့၊ အထက၊ပဥ္စမတန်း(ဃ)မှ ကျောင်းဝင်အမှတ် (၁၀၄၅၈) မောင်ငြိမ်းချမ်းအောင်အား မောင်စောငြိမ်းချမ်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စောငြိမ်းချမ်းအောင်။**

ကားစီးငှားသည်

Zaw Win & Associates
Z & A Car Renter
ကားပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
ဖုန်း–၅၄၀၅၄၅၊ ၀၉–၈၀၂၀၀၉၁

ဝမ်းနည်းကြေကွဲခြင်း

ဦးစိုင်းကဏ်းယွက်

ပိပိ–နန်းယိင်းသီတာ၏ခင်ပွန်းဦးစိုင်းကဏ်းယွက်သည်၁၄-၃-၂၀၀၅ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါ၍ မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

စိုင်းကျော်ဝင်း–ဆွေဆွေသန့်(နန်းနန်း)
ကိုအောင်မြင့်ဦး–စောမြတ်ကောသီနွယ်
(ငယ်လေး)
မအေးမြမြ(နော်နော်)
မောင်နှမတစ်စု။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် အမှတ် ရန်–၇၇၃/၉၃ သည် ၅-၃-၂၀၀၅ ရက်က ရန်ကုန်တိုင်း ဆိပ်ကမ်း မြို့နယ် တစ်နေရာတွင် ကျပျောက်သွားပါသဖြင့် ပြန်လည်ပေးပို့ပါ။

သန်းထိုက် ဖုန်း–၅၃၉၇၀၂

ဒေါ်တင်ကြည် (တောင်သာ)
သူနာပြုအုပ်(ငြိမ်း)၊ မိတ္ထီလာ
အသက်(၇၅)နှစ်

တောင်သာမြို့နေ (ဦးလော–ဒေါ်ခင်မေ)တို့၏သမီး၊ ဦးမောင်မောင်–ဒေါ်အေးမြချို၊ (ဦးတင်မော်ကြီး)–ဒေါ်တင်အေးတို့၏ညီမ၊ (ဗိုလ်မှူးဘမှန်)–ဒေါ်ညိုညို၊(ဗိုလ်ကြီးလှမောင်–ဒေါ်ချိုချို)၊(ဦးမျိုးသန့်–ဒေါ်ခင်မေဒီ)၊ဒေါ်နယ်လီ၊ ဦးရန်အောင်–ဒေါ်ခင်လှတင့်၊ဗိုလ်မှူးချုပ်ရန်သိမ်း–ဒေါ်ယဉ်ယဉ်ရွှေ၊ဦးချစ်လှိုင်–(ဒေါ်တင်တင်ယု)တို့၏အစ်မ၊ တူ တူမ ၃၀ယောက်၊ မြေး ၂၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၇–၃–၂၀၀၄ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်ပြီး ၁၈–၃–၂၀၀၄ရက်တွင် တောင်မြင့်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးစန်လွင် (Archie)
အကောက်ခွန်ဦးစီးမှူး(ငြိမ်း)
အသက်(၈၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်ပြည်သာယာ၊ ဝန်မင်းလမ်း၊ အမှတ် ၇ နေ (ဦးထွားအောင်–ဒေါ်တင်မြ)တို့၏သား၊ (ဦးသိန်း–ဒေါ်သိန်းရင်)တို့၏သားသမက်၊ ဒေါ်ငြိမ်းမြင့်(အကောက်ခွန်၊ ငြိမ်း)၏ ခင်ပွန်း၊ ဦးခင်မောင်ချို–(ဒေါ်ခင်မေရီ)၊ (ဦးစိန်ကြည်–ဒေါ်တင်တင်လှ)တို့၏ မောင်၊ (ဒေါ်စုစုလွင်)၊ ဦးမင်းလွင်–ဒေါ်နော်သိန်းစံ၊ ဦးစိန်ဝင်း–ဒေါ်ယုယုလွင်၊ ဦးသန်းဌေးအောင်–ဒေါ်အေးအေး လွင်၊ ဦးစိန်မင်း–ဒေါ်ဌေးဌေးလွင်၊ ဦးမင်းထွေးဦး–ဒေါ်စိုးစိုးလွင်၊ ဦးရဲထွဋ်လွင်၊ ဦးအောင်အောင်လွင်တို့၏ဖခင်၊ မြေး ၁၀ ယောက်၏ အဘိုးသည် ၁၈–၃–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ဝ၀:ဝ၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၂–၃–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ခလီဖာအာဇမ်မိုဟာမက် မူဆာကျစ်ရှီ(ခ)ဦးမောင်စိန်
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ အိမ်အမှတ် ၆၅ (အပေါ်ဆုံးထပ်)နေ [မိုင်မွတ်ဘီဘီ(ခ)ဒေါ်မြင့်မြင့်]၏ခင်ပွန်း၊ ဦးခင်မောင်၊ ဦးမြမောင်၊ (ဒေါ်ကြည်ကြည်)တို့၏အစ်ကို၊ အီစွပ်၊ ယူနွတ် (ခ) ခင်မောင်မြင့် (ကြွယ်ဝ)၊ ရာကွတ်၊ ဟာဖဇ်အရွတ်၊ အီဗရာဟင်တို့၏ ဖခင်သည် ၁၈–၃–၂၀၀၄ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ဇဟိုရ်နမာဇ်အပြီးတွင် သန်လျင်မြို့ ငါးပါးသခင်သုသာန်တွင် ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်မြမြနိုင် (တွံတေး)
အသက်(၆၃)နှစ်

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ဘုရားလမ်းနေ (ဦးသန်းဖေ–ဒေါ်သိန်းရင်)တို့၏သမီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၆၂၁၊ စာဂ ၂၂ လမ်း၊ အမှတ် (၄)ရပ်ကွက်နေ ဦးမောင်မောင်စိန်၏ဇနီး၊ ဦးသက်တင်၏ညီမ၊ ဒေါ်အေးသိန်း၊ ဒေါ်ခင်သိန်းဝင်းတို့၏ အစ်မ၊ မသီတာ(ဗဟိုဘဏ်)၊ ကိုအောင်မြင့်နိုင်–မနုနုကြည်၊ ကိုအောင်မြင့်မောင်(ခ) အငယ်လေး–မသဲသဲအိ၊ ကိုသက်နိုင်–မမြတ်မြတ်ထွေး(စက်မှု–၁)တို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၈–၃–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၃–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်လွင်
သူနာပြုဆရာမကြီး(ပုလောမြို့)
အသက်(၄၈)နှစ်

ပုလောမြို့နယ်၊ လက္ကူကျေးရွာနေ (ဦးဂွမ်ရွှေ)–ဒေါ်သိန်းကြည်တို့၏သမီး၊ ပုလောမြို့နေ (ဦးလွန်းတင်–ဒေါ်အုန်းကြည်)တို့၏သမီးချွေးမ၊ မြိတ်မြို့၊ ခရုတောရပ်၊ အမှတ် ၁၅၊ ဖွားမင်းသိုက်လမ်းနေ ဦးချစ်လွင်၏ဇနီး၊ မောင်စွမ်းပြည့်အောင်၊ မောင်လွင်ထက်အောင်၊ မောင်လွင်ထူးပိုင်တို့၏မိခင်၊ ဦးသန်းအောင်၊ ဒေါ်မြလွင်၊ ဒေါ်အေးလွင်၊ ဦးသစ်လွင်၊ ဒေါ်ခင်အုန်းဝေတို့၏ညီမသည် ၁၈–၃–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၅:၃၀ နာရီတွင် စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ဥယျာဉ်တိုက်၊ရွှေဘိုကျောင်းတိုက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၃–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ရွှေဘိုကျောင်းမှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်လေး (မြောင်းမြ)
အသက်(၈၀)

မြောင်းမြမြို့နေ (ဦးဘိုးရှံ–ဒေါ်မမကြီး)တို့၏သမီး၊ (ဒေါ်ခင်ပု)၊ (ဦးမောင်မောင်)–ဒေါ်တင်စိန်၊ (ဦးမောင်မောင်လေး)တို့၏ညီမ၊ ဒေါ်ရင်ရင်(ကျောင်းဆရာမ၊ ငြိမ်း၊ အထက–၁၊ မြောင်းမြ)၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ် ၁၇၉၊ လမ်း ၄၀(လယ်)နေ (ဦးစိုးမြင့်)၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် ၃၆၅၊ တတိယထပ်(ယာ)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ ဦးတင်ရွှေ–ဒေါ်ဌေးဌေးဝင်း(ကပရ၊ ငြိမ်း)၊ ဒေါ်လဲ့လဲ့စိုး(CEIE)၊ ဦးအောင်ငွေစိုး(C/E, Gewin Co. Ltd.)၊ ဦးညီညီ (3/E, S.R. Shipping Co. Ltd.)–ဒေါ်သန်းသန်းဦးတို့၏မိခင်၊ မသန္တာအေး (Zin & Friends Audit Firm)၊ မောင်ဟိန်းအောင်ဦးတို့၏ အဘွားသည် ၁၈–၃–၂၀၀၄ရက်(ကြာသပတေးနေ့)နံနက်၄:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ် ၃၆၅၊ ဗိုလ်ဆွန်ပက်လမ်း နေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု၊

ဒေါ်ညွန့်စိန် (ပဲခူးမြို့)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊အမှတ် ၁၀၂၉၊ သုမင်္ဂလာလမ်း၊ (၁၆/၁)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ[ဦးမြမောင်(ခ)ဦးရှမ်း]၏ဇနီး၊ (ဦးစံထွန်း–ဒေါ်သိန်းချစ်)တို့၏သမီး၊ ဦးမြင့်စိုး–ဒေါ်မူမူ (ဒု–လ/ထ စက်ရုံမှူး၊ စလေဓာတ်မြေ)၊ (ဦးဖေသက်)–ဒေါ်ခင်ခင်ဌေး၊ဒေါ်အေးမြင့်ကြူ(အမက–၄၁၊ သဃ်န်းကျွန်း)၊ ဦးဝင်းကျော်–ဒေါ်ဆွေဆွေမြင့်(အလက၊ရေနံသာ)၊ ဦးခင်ဝင်း–ဒေါ်အေးအေးကြည်၊ ဦးငွေစံ(ကျောင်းအုပ်ကြီး၊ အမက–၁၃၊ သဃ်န်းကျွန်း)–ဒေါ်ခင်မြဌေး(အမက–၁၊သဃ်န်းကျွန်း)၊ ဒေါ်သန်းသန်းဌေး၊ ဦးစိုးအောင်ဝင်း–ဒေါ်သီတာ၊ မမြင့်မြင့်မော်၊မဆွေဆွေဦးတို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွားသည် ၁၈–၃–၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၃:၃၀ နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂–၃–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် စံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဖိုင်တွန်ဘီ(ခ)ဒေါ်နှင်းဆီ
အသက်(၆၂)နှစ်

ဘားအံမြို့နေ (ဦးအလီ–ဒေါ်ဘူဘူ)တို့၏ တတိယမြောက်သမီး၊ အမှတ် ၁၇၂၄၊ရွှေမေတ္တာအပြင်လမ်း၊(၁)ရပ်ကွက်၊ သာကေတမြို့နယ်နေ ဖိုင်တွန်ဘီ(ခ) ဒေါ်နှင်းဆီသည် ၁–၂–၂၀၀၄ရက် ညနေ ၅:၃၀ နာရီတွင် အထက်ပါနေအိမ်၌ အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ။

တပ်ကြပ်တင်မြင့် (ငြိမ်း)
အသက်(၆၀)

မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့နယ်၊ ကျောက်ဆည်ရွာနေ ဦးလုတင်–(ဒေါ်အေးဖြူ)တို့၏သား၊ အမှတ်(၁)စစ်မှုထမ်းဟောင်းစံပြရွာ၊အိမ်အမှတ် ၄/၃/၆ နေ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဦးလှိုင်ကြီး–ဒေါ်အေးစိန်၊ (ဦးအောင်သန်း)–ဒေါ်စန်းမြင့်တို့၏အစ်ကို၊ ဦးသောင်းညွန့်–ဒေါ်ခင်အေးအေးမြင့်၊ ဦးခင်မောင်မြင့်–ဒေါ်ချို၊ ဦးတင်မောင်မောင်မြင့်–ဒေါ်ဝင်းဝင်းအေး၊ ဦးထွန်းမင်းသက်–ဒေါ်ခင်မို့မို့မြင့်၊ ဦးအောင်ဆန်းဝင်း–ဒေါ်ခင်သန်းသန်းမြင့်၊ တကမင်းသူ–ဒေါ်ဆွေတို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုးသည် ၁၆–၃–၂၀၀၄ရက် (အင်္ဂါနေ့)တွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၃–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်စု(ခ)အင်ရှုလွမ်
အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ အမှတ် ၁၁၉ နေ [ဦးစိန်(ခ)တန်အိန်စိန်]၏ဇနီး၊ ဒေါ်မြသိန်း၊ (ဦးတင်စိန်–ဒေါ်ခင်မေစိန်)၊ ဒေါ်ခင်မေမြ–(Steven Lee)၊ (ဒေါ်ခင်မေကြူ–ဒေါက်တာဘမြိုင်)၊ (ဦးတင်ဝင်း)–ဒေါ်ခင်စန်းမြင့်၊ ဦးတင်ကျော်–ဒေါ်ဌေးဌေး၊ ဦးတင်သိန်း–ဒေါ်မြင့်မြင့်နိုင်၊ ဒေါက်တာဒေါ်အမာ၊ (ဦးတင်ရွှေ)–S.Lak၊ ဦးတင်အေး–ဒေါ်သန်းသန်းဝင်း၊ ဦးတင်ဌေး–ဒေါ်ပိုပို၊ ဒေါ်ခင်မေရီတို့၏မိခင်၊မြေး ၂၃ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၁၇–၃–၂၀၀၄ရက် ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၃–၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းအမ
ဒေါ်ခင်သန်း
ဘီလူးကျွန်း(နတ်မှော်)
အသက်(၈၈)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ဌေးကြွယ်ရပ်ကွက်၊ သူကြွယ်လမ်း၊ အမှတ် ၁၇နေ(ဦးထွန်းသိန်း)–ဒေါ်အုံးမြတို့၏မိခင်၊ (ဦးအေးဇော်)–ဒေါ်ခင်ငြိမ်း(တပ်မတော် ချည်မျှင်စက်ရုံ၊ သမိုင်း၊ ဘဏ္ဍာရေးဌာန)၊ ဦးသိန်းဝင်း–ဒေါ်အုံးသန်း၊ ဦးခင်တိုး–ဒေါ်တင်တင်ဝေ၊ ဒေါ်စန်းစန်းဝင်း(ခ)မမိုးငယ်တို့၏ အဘွား၊ မြစ် ၁၁ ယောက်တို့၏ ဘွားဘွားကြီးသည် ၁၇–၃–၂၀၀၄ရက် ည ၇:၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၃–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်သန်းမြင့်
မိုးကုတ်ယောဂီ
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၄၅၊ ရွှေဟသာ်လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးဘခင်–ဒေါ်စောတင်)တို့၏သမီးကြီး၊ (ဦးချစ်ထွန်း)၏ဇနီး၊ ဦးသန်းထွန်း (Albert) (C/E Huap Choon Co,Ltd.)–ဒေါ်နုနုရီ၊ ဦးစိန်ထွန်း (ရတနာဝင်းသုံးဆယ်ကုမ္ပဏီလီမိတက်)၊ (ဦးဂျော့ဘထွန်း)–ဒေါ်တင်မြင့်ရီတို့၏မိခင်၊ ဦးမောင်မောင်–ဒေါ်ခင်ရီ၊ ဦးမောင်မောင်လေး–ဒေါ်ကြည်ကြည်မေ၊ ဒေါ်ရီရီမေ(လ/ထ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ သူနာပြုအသင်း၊ဗဟို)၊ဦးတင်မြင့်–ဒေါ်တီတီမေ(လယ်ဝေး)တို့၏ အစ်မ၊ မသူဇာချစ်၊ မောင်ကောင်းဇော်(ဆေး–၁)၊ မဝေးဝေးဝတ်ရည် (TTC)၊ မပြည့်ပြည့်မျိုး၊ မောင်ပြည့်စုံထွန်း၊ မဇပြိုဘထွန်း၊ (မအင်ကြင်းမိုး)တို့၏အဘွားသည် ၁၇–၃–၂၀၀၄ရက် ည ၇ နာရီတွင် SAKURA အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၃–၂၀၀၄ ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသန့်ဇော်ထွန်း (ကိုထီး)
B.E (Electrical Power)
အလုပ်ရုံခွဲမှူး၊ဓေယျဝတီသကြားစက်
အကြိုဓေယျသင်တန်း
အပတ်စဉ်(၁၄)ဖောင်ကြီး
(မြိတ်မြို့)
အသက်(၃၀)နှစ်

မြိတ်မြို့၊ ခရုတောရပ်နေ၊ ဗိုလ်ဗထူးလမ်းနေ (ဦးတင်ရွှေ)–ဒေါ်ဟယ်လင်၊ မုဒုံမြို့နယ်၊ ကလော့သော့ရွာနေ (ဦးငွေထောင်)–ဒေါ်အေးစိန်တို့၏မြေး၊ မြိတ်မြို့နေ ဦးထွန်းခင်(သူနာပြု၊ ငြိမ်း၊ မြိတ်ဆေးရုံ)၊ဒေါ်စန်းရီ(မိခင်နှင့်ကလေး၊မြိတ်)တို့၏သား၊ ဒေါ်ညိုညိုထွန်း (လ/ထ ကထိက၊ အင်္ဂလိပ်ဌာန၊ မြိတ်တက္ကသိုလ်)၊ ဒေါ်ဝင်းဝင်းထွန်း (နည်းပြ၊ သင်္ချာဌာန၊မြိတ်တက္ကသိုလ်)တို့၏မောင်၊ မုဒုံမြို့နယ်၊ ကလော့သော့ရွာနေ ဦးတင်မောင်–ဒေါ်ငွေခင်၊ ကျိုက္ခမီမြို့နေ ဦးမောင်မြိုင်–ဒေါ်ငွေတင်၊ ကမာဝက်ရွာနေ (ဦးချစ်စိန်)–ဒေါ်ငွေဝင်း၊ ရေးမြို့နေ ဦးစန်းတင့်–(ဒေါ်ငွေရှင်)တို့၏တူသည် ၁၆–၃–၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၀–၃–၂၀၀၄ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[အမှတ် ၈၇၈၊ ဖေဒါလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ဦး(ခ)ဦးတိုင်းချစ် (ပျဉ်းမနား)
အသက်(၈၅)နှစ်

ပျဉ်းမနားမြို့၊ ရွှေချည်ရပ်ကွက်အုပ်စု၊ အရှေ့မစိုးရိမ်ရပ်၊ ၂ လမ်း၊ အမှတ် ၁၃/၈၂ နေ ဦးကြင်ရှောင်–ဒေါ်ကြူတီတို့၏သား၊ ဒေါ်ရင်၏ခင်ပွန်း၊ ဦးတင်အောင်–ဒေါ်လှကြည်၊ ဦးစိန်ဝင်း–ဒေါ်မြင့်မြင့်ဝင်း၊ ဦးစိုးဝင်း–ဒေါ်မြင့်မြင့်သန်း၊ ဦးခင်ဇော်၊ (ဦးမျိုးမြင့်)–ဒေါ်မြတ်မေဦး၊ ဦးဘိုနီ–ဒေါ်ညွန့်ရီမွှေး၊ ဦးခင်ဟုန်–မတင်တင်ဝင်း၊ မမေအေး၊ မောင်ကျော်စိန်ဝင်းတို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၁၈–၃–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၂၀–၃–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် မြို့မတရုတ်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်သိန်းမေ (မောင်တော)
(မင်္ဂလာတောင်ညွန့်)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် ၁၉/၂၁ နေ (ဦးမောင်စိန်ဦး–ဒေါ်မအောင်)တို့၏သမီး၊ (ဦးခင်မောင်)၏ဇနီး၊ ဦးမောင်သာဇံ–ဒေါ်မေကြီးတို့၏ညီမ၊ ဒေါ်စံရွှေမြ၏ အစ်မ၊ မခင်မေဦး၊ ကိုရွှေဇံမောင်တို့၏မိခင်သည် ၁၈–၃–၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၄:၄၀ နာရီတွင် သျှင်ပါကူဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၀–၃–၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအေးဖေ (လစ်သိုအတ်)
(ဆရာဖေ)
ဖိုတိုလစ်သို ပုံနှိပ်တိုက်
ကြီးကြပ်ရေးမှူး(အငြိမ်းစား)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ရွှေနံ့သာရပ်ကွက်၊ ခြံ(၅)ခြံ၊ အမှတ် ၄၂ နေ (ဦးရန်ဝေး–ဒေါ်ရီ)တို့၏ သားထွေး၊ (ဦးသောင်း)–ဒေါ်အေးကြည်၊ (ဦးထွန်းတင်)–ဒေါ်တင်၊ (ဦးဘရင်–ဒေါ်ငြိမ်းခင်)၊ (ဦးမြသောင်း)–ဒေါ်ကြွေ၊ ဦးမောင်လွင်–ဒေါ်မြင့်တို့၏ညီ/မောင်၊ ဒေါ်အေးအေးမြိုင်၏ခင်ပွန်း၊ ကိုအိ–မခင်ဆွေလတ်(ခ)လှလှ၊ မခင်အေးမူ(မအိ)၊ ကိုသက်ဇော်ဦး – မခင်လေးငယ်တို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၈–၃–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁:၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၃–၂၀၀၄ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၁၅နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးရန်ရှင်း
နာယက၊ ဓမ္မာရုံ
ဗျိုင်း(ရွာမ)ရပ်ကွက်၊တာမွေ
အသက်(၆၀)

ရန်ကုန်တိုင်း၊တာမွေမြို့နယ်၊ကျိုက္ကဆံလမ်း၊အမှတ် ၂၀၉ နေ (ဦးမောင်တင့်–ဒေါ်ခင်စိန်)တို့၏သား၊ (ဦးသန်းညွန့်–ဒေါ်အုန်းရင်)တို့၏ သားသမက်သည် ၁၇–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၃–၂၀၀၄ ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်ဖြစ်၍ ဓမ္မာရုံ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။) အမှုဆောင်အဖွဲ့။

မောင်ချစ်ကိုကိုတင်(ခ)ချစ်ချစ်
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ် ၁၁၀၃၊ ပုလဲလမ်းနှင့်ပုသိမ်လမ်းထောင့်နေ ဦးတင်မောင်ဝင်း(အင်ဂျင်နီယာမှူး၊ ငြိမ်း၊ ဆလရ)–ဒေါ်ခင်သန်းဝင်း(Shirley) (အလက–၃၊ရန်ကင်း၊ ငြိမ်း)တို့၏သားငယ်၊ (မောင်မြင့်မိုးတင်)–မမေအလဲဇင်းတို့၏ ညီ/မောင်၊ မဆုရတနာ (Pinky) T.T.C (ပြည်လမ်း)၏ဦးလေး၊ ဦးမျိုးထွန်း (Mariner) ဒေါ်ပြုံး(အိုးအိမ်ဦးစီးဌာန၊ ငြိမ်း) တို့၏တူ၊ မောင်ကျော်ကျော်ထွန်း (Mariner)၊ မမျိုးသီတာတို့၏အစ်ကိုသည် ၁၇–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၁၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၉–၃–၂၀၀၄ရက်(သောကြာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ဇရပ်ဒါယကာ
ဦးထွန်းကြိုင်
ကျောင်းဆရာကြီး(ငြိမ်း)
(တော်ဝိ–တောကျွဲအင်း)
အသက်(၉၀)

ညောင်လေးပင်မြို့နယ်၊ တော်ဝိကျေးရွာနေ (ဦးစိန်ထွန်း–ဒေါ်ပု)တို့၏ သား၊ ကျောက်တံခါးမြို့နေ ဦးတုတ်ကယ်–(ဒေါ်အေးလှစိန်)တို့၏ သားသမက်၊ ရွှေပြည်သာမြို့နယ်၊ (၆/၉) ရပ်ကွက်၊ အမှတ် ၂၃၇/ခ၊ ပင်းယလမ်းနေ ဒေါ်ခင်ညွန့်၏ခင်ပွန်း၊ (ဒေါ်မြကြည်)၊ဒေါ်တင်တင်၊ဒေါ်သိန်းရင်တို့၏အစ်ကို၊ ကျောက်တံခါးမြို့နေ ဦးသန်းမြင့်–ဒေါ်ကျင်စိန်၊ ဦးဝင်းသန်း–ဒေါ်ဝင်းမြင့်၊ ဒေါ်မြင့်မြင့်ဝေ(ကျန်းမာရေးဌာန၊ မရမ်းကုန်း)၊ဒေါ်အေးအေးဝင်း(အထက–၂၊ အင်းစိန်)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၇–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၇ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၂–၃–၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊
ဇရပ်ဒါယိကာမကြီး
ဆရာမ ဒေါ်မြသန်း(မော်လမြိုင်)
(Joyce Aye Ba)
B.A.Ed ., B.Ed.
အထက်တန်းပြဆရာမ
မော်လမြိုင် Convent ကျောင်းသူဟောင်း
(ကျိုက္ခမရော–အထက)
(မော်လမြိုင် အထက–၁၊ အထက–၉၊ အထက–၅)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၄၉/၃၅၁၊ ရွှေဘုံသာလမ်းနေ ဦးမျိုးဝင်း၏ဇနီး၊ လင်အေးဘ–ဒေါ်ငွေရတို့၏ သမီး၊ ဦးတင်အုန်း (အင်ဂျင်နီယာချုပ်၊ ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ (ဒေါ်သန်းမေ Rosy)၏ညီမ၊ ဒေါ်အေးသိန်း (Gwan)၊ (ဦးအောင်ခင်ဦး Ronnie) တို့၏အစ်မသည် ၁၈–၃–၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၁:၃၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၀–၃–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ညွန့်
(ရှေးဟောင်းသုတေသနအရာရှိ၊ငြိမ်း)
(ရေတာရှည်မြို့)
အသက်(၆၉)နှစ်

ပဲခူးတိုင်း၊ ရေတာရှည်မြို့နေ (ဦးဘစော–ဒေါ်ခင်နု)တို့၏သား၊ (ဦးလှကျော်–ဒေါ်အုန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် ၄၁၊ တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်ဝန်ထမ်းအိမ်ရာ၊ တိုက်အမှတ် ၃၆၊ အခန်း C-၂ နေ ဒေါ်ကြည်ဝင်း၏ ခင်ပွန်း၊ ဦးမျိုးမင်းကျော် (လ/ထ ညွှန်ကြားရေးမှူး) – ဒေါ်အေးအေးသင်း (သုတေသနအရာရှိ၊ မန္တလေးဒေသဌာနစု)၊ ဗိုလ်မှူးတိုးမင်းကျော်(ရွှေဘို)–ဒေါ်အိနှင်းဖြူဝင်း [M.A History (Q)]၊ ကိုရဲမင်းကျော်တို့၏ဖခင်၊ မြေးနှစ်ယောက်၏ အဘိုးသည် ၁၈–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၃–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ခင်လွင်
ရာသက်ပန်အသင်းဝင်အမှတ်(၉၈၄)
အသက်(၄၈)နှစ်

ပုလောမြို့နယ်၊ လက္ကူကျေးရွာနေ (ဦးဂွမ်ရွှေ)–ဒေါ်သိန်းကြည်တို့၏သမီး၊ ပုလောမြို့နေ (ဦးလွန်းတင်–ဒေါ်အုန်းကြည်)တို့၏သမီးချွေးမ၊ ဦးချစ်လွင်(တွဲဖက်အတွင်းရေးမှူးဟောင်း၊ မြိတ်အဝေးရောက်အမှုဆောင်အဖွဲ့)၏ ဇနီးသည် ၁၈–၃–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၀–၃–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်တင်
(ယခင် ကုက္ကိုင်း)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၊N-4၊ အခန်း 201၊ မင်းရဲကျော်စွာအိမ်ရာ၊လေးဒေါင့်ကန်လမ်းနေ(ဦးသွင်–ဒေါ်ရီ)တို့၏သမီးကြီး၊ (ဦးကျင်စိန်)၏ဇနီး၊ (ဦးလှ–ဒေါ်ခင်ဇ)၊ (ဦးလှမင်း)–ဒေါ်စိန်စိန်၊ ဦးတင်ကြည်–ဒေါ်ခင်ခင်၊ ဦးလှမြင့်–ဒေါ်ချိုချိုတို့၏ အစ်မကြီး၊ (အလက်ာကျော်စွာ ရွှေပြည်အေး–ဒေါ်ခင်စိန်)၊ ဦးခင်သိန်း–ဒေါ်မာလာမြင့်၊ (ဦးသိန်းရီ)–ဦးခင်ထွေး(ဒေါ်သန်းသန်းရီ)၊ (ဦးထွေးရီ)–မစန်းစန်းမြင့်၊ မာလာဝင်း၊ ဦးကြီးငွေ–ဒေါ်သီတာတို့၏မိခင်၊ မြေး ၁၅ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၈–၃–၂၀၀၄ရက်(ကြာသပတေးနေ့) ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၃–၂၀၀၄ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းလှိုင် (ဝေါမြို့)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊အမှတ် ၃၃ နေ(ဦးချစ်စံ–ဒေါ်စင်နာ)တို့၏သား၊ ဒေါ်မမလေး၏ခင်ပွန်း၊ ဒေါက်တာမောင်မောင်အေး–ဒေါက်တာခင်မမ၊ ဦးရန်မျိုးအောင်သိန်း(ဒုညွှန်မှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)–ဒေါ်ခင်မြမြ (လ/ထ ညွှန်မှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ရုံးချုပ်)၊ ဒေါက်တာသစ်လွင်–ဒေါက်တာဖြူဖြူဆွေ(ကထိက၊ တက္ကသိုလ်၊ ရန်ကုန်)၊ ဦးအောင်ကျော်လင်းတို့၏ဖခင်၊ မအေးမြမြသိန်း၊ မဝင့်ပပသိန်း၊ မအေးဖြူဖြူသိန်း၊ မမေဇင်အေး၊ မမေသူဇာအေး၊ မအင်ကြင်းစံ၊ မညီညီဝင်းတို့၏အဘိုးသည် ၁၈–၃–၂၀၀၄ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၃–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်မောင်
(ဆင်ပေါက်–၂၊ MPPE)
အသက်(၅၇)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက် ၃၇၇၊ သံ/နောက်၊ အောင်ချမ်းသာရပ်နေ(ဦးညိုမြိုင်–ဒေါ်စောမြ)တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အိမ်အမှတ် ၂၁၉၊ ကံကော်လမ်း၊ ဝေဘာဂီမြို့သစ်နေ ဦးလှတင်–ဒေါ်ရင်မြင့်တို့၏သားသမက်၊ ဦးဝင်း–ဒေါ်ညွန့်ကြည်၊ဦးချစ်မောင်–ဒေါ်ဌေး၊ဦးတင်ဦး–ဒေါ်အေးသန်း၊ ဦးမြင့်ဦး–ဒေါ်ဖြူဖြူ၊ ဦးသန်းအောင်–ဒေါ်ငြိမ်းငြိမ်း၊ ဦးခင်မောင်စိုး–ဒေါ်စိမ့်စိမ့်မြိုင်၊ ဦးစံအောင်၊ ဦးဝေမောင်တို့၏မောင်/အစ်ကို၊ ဒေါ်ချိုချို၏ခင်ပွန်း၊မောင်ညီမင်းနိုင်၊မခင်မာလာချစ်၊ မောင်နေမင်းထွန်းတို့၏ဖခင်၊ တူ တူမ ရှစ်ယောက်တို့၏ဘကြီး၊ မြေးတစ်ယောက်တို့၏အဘိုးသည် ၁၈–၃–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် ဝေဘာဂီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၃–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ဝေဘာဂီအထူးကုဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးခင်ဇော်
ဒုစီမံကိန်းမှူး(ငြိမ်း)ဝန်ကြီးများရုံး
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ဆရာစံရပ်ကွက်၊ ခမောလမ်းနေ (ဦးစိုးမင်း)–ဒေါ်ခင်သန်းတို့၏ သား၊ ရန်ကုန်မြို့၊ ဆရာစံရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၁၀၁ နေ (ဦးတင်ဖေ)–ဒေါ်ရင်နုတို့၏ သားသမက်၊ ဒေါ်တင်လှ၊ ဦးမြင့်သန်းတို့၏ ညီ/မောင်၊ ဒေါ်ကြည်သန်း၊ (ဦးဝင်းမြင့်)၊ ဒေါ်ထားထားကြည်၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်သန်းသန်းအေး၊ ဦးညွန့်ဝင်းတို့၏ အစ်ကို၊ ဒေါ်မူမူဆွေ(ဆည်မြောင်း၊ ငြိမ်း)၏ခင်ပွန်း၊ မောင်စိုးရဲကျော် (သတ္တမတန်း၊ အထက–၂၊ ဗဟန်း)၏ ဖခင်သည် ၁၇–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင်ကွယ်လွန်သွားပါ၍ ၁၉–၃–၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဗိုလ်ကြီးတင်လှ (ငြိမ်း)
(ကရပ်၊ ကျောက်တန်းမြို့)
အသက်(၇၇)နှစ်

(ဦးဖိုးငို–ဒေါ်စော)တို့၏ သား၊ ရန်ကုန်တိုင်း၊လှည်းကူးမြို့နယ်၊မင်းလွင်ကုန်းကျေးရွာနေ ဒေါ်သောင်းကြည်၏ ခင်ပွန်း၊ ဦးအောင်ကျော်ဆန်း (2/E Uniteam)–ဒေါ်ခင်ခင်ချို (သ/မဦးစီး၊ ငြိမ်း)၊ ဦးသောင်းထွန်း(ရွှေခြည်သင့်စက်မှု၊ အင်ဂျင်ဟက်ပြုပြင်ရေး)–ဒေါ်အေးအေးသန့်၊ ဒေါ်ယုယုကြည်၊ ဦးဖုန်းတင့်(ခ)ကိုဖုန်း (ကျားမင်း စက်မှု၊အင်ဂျင်ဟက်ပြုပြင်ရေး)–ဒေါ်အုန်းသန်း၊ တကက/စရ အေးမောင်(မှတ်တမ်းရုံး)–ဒေါ်သိန်းသိန်းရီ၊ ဦးကျော်မင်း(ကျားမင်းစက်မှု)–ဒေါ်တင်တင်နွယ်၊ တကက အောင်နိုင်လွင်–ဒေါ်ခင်မေစီ (မစဘ၊ တနင်္သာရီမြို့)၊ ဗိုလ်ကြီးသန်းဝင်း–ဒေါ်အုန်းအုန်းကြည်တို့၏ဖခင်၊ မြေး ၂၂ ယောက်တို့၏အဘိုးသည် ၁၆–၃–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၃–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ မင်းလွင်ကုန်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ဦးမောင်မြင့်(ခ)ဦးမြင့်
(မိုးကုတ်)
အသက်(၆၆)နှစ်

မိုးကုတ်မြို့နေ(ဦးအုန်းလှိုင်–ဒေါ်ဖော့)တို့၏သား၊ ဦးဘကြည်–(ဒေါ်မြမေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ယုဇနတာဝါ၊ အခန်း ၅၀၅ နေ ဒေါ်ခင်တင့်၏ခင်ပွန်း၊ ဒေါက်တာသန်းနိုင်ဦး–ဒေါက်တာပပဝင်းစိုးတို့၏ ဖခင်၊ မိုးကုတ်မြို့နေ (ဒေါ်ချစ်မေ)၊ (ဦးချစ်ဖေ)–ဒေါ်လှဝင်း၊ ဒေါ်သိန်းသိန်း၊ (ဦးတင်ညွန့်)–ဒေါ်အုန်းမေ၊ (ဒေါ်လှရီ)၊ (ဦးတင့်)–ဒေါ်အုန်းအုန်း၊ ဦးချစ်ကြည်–ဒေါ်မြအေး၊ ဦးအောင်ကျော်–ဒေါ်ကြူကြူဝင်း၊(ဦးအောင်ဇော်ဦး–ဒေါ်ခင်မြင့်)၊ ဦးလှမြင့်–ဒေါ်ညိုညို၊ ဒေါ်ခင်သန်းရီ၊ ဦးသိန်းနိုင်၊ ဦးအောင်မျိုးသန့်–ဒေါ်ခင်သန်းညွန့်၊ဦးမျိုးကြင်–ဒေါ်ခင်သန်းအေး၊ (ဦးခင်မောင်သိန်း)–ဒေါ်အေးခိုင်၊ ဦးညွန့်လွင်–ဒေါ်ချစ်ချစ်၊ ဦးသိန်းအောင်–ဒေါ်ဆွေဆွေဝင်းတို့၏ အစ်ကို/ညီ/မောင်၊ မောင်ထွဋ်ခေါင်ဦး(အထက–၁၊ ဒဂုံ)၊ မရှင်မင်းသူ (အထက–၁၊ ဒဂုံ) တို့၏ဘိုးဘိုးသည် ၁၇–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၅၀ နာရီတွင် မိုးကုတ်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၃–၂၀၀၄ရက် (သောကြာနေ့)တွင် မိုးကုတ်မြို့၌သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးရန်ရှင်း
(စား/ထွေ၊ ငြိမ်း)
အသက်(၆၀)

ရန်ကုန်တိုင်း၊တာမွေမြို့နယ်၊ကျိုက္ကဆံလမ်း၊ ဗျိုင်းရွာမရပ်ကွက်၊ အမှတ် ၂၀၉ နေ (ဦးမောင်တင့်–ဒေါ်ခင်စိန်)တို့၏သား၊ (ဦးသန်းညွန့်–ဒေါ်အုန်းရင်)တို့၏သားသမက်၊ ဦးမောင်မောင်–ဒေါ်မြသန်းကြည်၊ (ဒေါ်လှသန်း)တို့၏ ညီ/မောင်၊ ဒေါ်တင်တင်လှ၏ခင်ပွန်း၊ မောင်မင်းသိမ်း–မဌေးဌေးမော်၊ မောင်ဇော်လှိုင်ဝင်း(တပ်မတော်–ရေ)၊ မမြတ်သန္တာတို့၏ဖခင်၊ မောင်ထက်လင်း၏ အဘိုးသည် ၁၇–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၃–၂၀၀၄ရက် (သောကြာနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မနီနီလေး
(စတီးရီယိုတေးသံရှင်)
အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆) ရပ်ကွက်၊ တိုက်လေးလုံး၊ တိုက်အမှတ် ၂၃၆/ ၄ နေ ဦးကျော်မင်း–ဒေါ်မြင့်မြင့်တို့၏သမီး၊ အင်ကြင်းမေ(ခ)Lay La ၏မိခင်၊ ဒေါ်စန္ဒာမင်း၊ ဦးကျော်ဇေယျ–ဒေါ်ခင်နွယ်ဝင်း၊ဒေါ်မဥ္ဇူမင်း–ဒေါက်တာသိန်းဇံမြင့်၊ ဒေါ်မိမိခိုင်မင်း–ဦးသူရလွင်၊ ဦးအောင်အောင်ကျော် – ဒေါ်မြသီတာတို့၏ညီမ၊ တူ တူမ ရှစ်ယောက်တို့၏ အဒေါ်သည် ၁၇–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၃–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်အကြီးအကဲက တနင်္သာရီတိုင်းကို နိုင်ငံတော်၏ဆီအိုးကြီးဖြစ်ရေးကြိုးပမ်းရန်လမ်းညွှန်ထား

ဆီအုန်းစိုက်ပျိုးခြင်းဖြင့်စိုက်ပျိုးသူများနှင့်နိုင်ငံတော်အတွက်ပါရေရှည်အကျိုးကျေးဇူးရှိ

တိုင်းရင်းသားလုပ်ငန်းရှင်များ ဆီအုန်းစိုက်ပျိုးနိုင်ရေးညှိနှိုင်းဆောင်ရွက်ပေးသွားမည်

ရန်ကုန် မတ် ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တနင်္သာရီတိုင်း၌ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဆီအုန်းစိုက်ပျိုးရန် စိတ်ဝင်စားလျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့်အတူ မတ် ၁၅ ရက် နံနက် ၉ နာရီခွဲတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့မှ တနင်္သာရီတိုင်းကော့သောင်းမြို့သို့ ရောက်ရှိသည်။

တာဝန်ရှိသူများကြိုဆို

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား ကော့သောင်းလေဆိပ်တွင် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ကော့သောင်းမြို့နယ် ခမောက်ကြီးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်ဇော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ခမောက်ကြီးရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းတွင် ဆီအုန်းမျိုးစေ့များ၊ အပင်များ၊ လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာအုပ် ဈေးပွဲတော် ဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး (စာပေဗိမာန် စာတည်းမှူးချုပ်) ဦးမောင်လှိုင်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။

ဓာတ်ပုံမှတ်တမ်း– တင်စိုး(မြန်မာ့အလင်း)

ခေတ်အဆက်ဆက် ပြည်သူ့အတွက်တပ်မတော်

★ တပ်မတော်အား(၁၀)ပါး ★

၁။ သစ္စာစောင့်သိမှု၊
၂။ အမိန့်နာခံတတ်မှု၊
၃။ စိတ်ဓာတ် ခိုင်မာမှုနှင့် ဖွဲ့သတ္တိပြည့်ဝမှု၊
၄။ စစ်စည်းကမ်း ကောင်းမွန်မှု၊
၅။ လေ့ကျင့်သား ပြည့်ဝမှု၊

၆။ တိုက်ရည်ခိုက်ရည် ပြည့်ဝမှု၊
၇။ ကျန်းမာကြံ့ခိုင်မှု၊
၈။ အချင်းချင်း ရဲဘော်စိတ်ထားရှိမှု၊
၉။ စွန့်လွှတ်စွန့်စားမှု၊
၁၀။ သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက် ပြီးမြောက်အောင် ဆောင်ရွက်မှု။

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအထူးကဏ္ဍများရည်ညွှန်းချက်

★ "တပ်မတော်၏ ဂုဏ်ရောင်အမြဲထွန်းပြောင်စေသည့် သစ္စာစောင့်သိမှု၊ အမိန့်နာခံတတ်မှု၊ စိတ်ဓာတ်ခိုင်မာမှုနှင့် ဖွဲ့သတ္တိပြည့်ဝမှု၊ စစ်စည်းကမ်းကောင်းမွန်မှု၊ လေ့ကျင့်သား ပြည့်ဝမှု၊ တိုက်ရည်ခိုက်ရည် ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှု၊ အချင်းချင်းရဲဘော်စိတ်ထားရှိမှု၊ စွန့်လွှတ်စွန့်စားမှု၊ သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်မှုစသည့် တပ်မတော်၏ အား(၁၀)ပါး ပြည့်ဝမှုတို့ကြောင့်လည်း တပ်မတော်သည် အမြဲတမ်းအောင်ပွဲခံပြီး အောင်ပန်းဆင်နိုင်ခဲ့ခြင်းဖြစ်ပေသည်။"

★ စိန်ရွှေလှိုင်၏ **"စီစီဝမ်–တာပန်တိုက်ပွဲဝင်လေသူရဲတစ်ဦးနှင့်တွေ့ဆုံခြင်း"** ဆောင်းပါး စာမျက်နှာ (၈–၉)

★ **"တပ်မတော်နှင့် တိုင်းရင်းသား ပြည်သူများ လက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ"** ဓာတ်ပုံမှတ်တမ်း စာမျက်နှာ (၇)

★ ကို(တက္ကသိုလ်)၏ **"ရှေ့တန်းစစ်မျက်နှာ"** ကဗျာ စာမျက်နှာ (၁၂)

★ တိမ်ပျံ၏ **"ခေတ်မီတပ်မတော်ကြီးဖြစ်အောင်တည်ဆောက်"** ကာတွန်း စာမျက်နှာ (၃)

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုကြိုဆို ရသမျိုးစုံပါဝင်သည့်စာအုပ်ဈေးပွဲတော်ရောင်းချ

သတင်းဆောင်းပါး - သန်းဇော်၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၈

ရက်၊ လ၊ နှစ်တို့သည် အလီလီပြောင်းလဲနေသည်။ ရာသီစက်ဝန်းကြီးသည် စဉ်ဆက်မပြတ်လည်ပတ်လျက်ရှိရာ မြန်မာ့လွတ်လပ်ရေးအတွက် မတ်လ ၂၇ ရက် (တပ်မတော်နေ့)သည် သမိုင်းတွင်ထင်ရှားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❀